# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လပြည့်ကျော် (၉) ရက် ၊ တနင်္ဂနွေနေ့ ၊ (11-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၄၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွေးမြူရေးဇုန်အတွင်း ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# ရန်ကုန်တိုင်းဒေသကြီး၏ နေ့စဉ်စားရေးလိုအပ်ချက်ကို ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇွန် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရန်ကုန်မြစ်နှင့်မှော်ဝန်းချောင်းကြားနေရာရှိ သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁ ➪**




ရတနာပုံ
၂၀၂၃ ခုနှစ် ဇွန် ၁၁ ရက်
အယ်ဒီတာ့အာဘော်

# သက်ကြီးဘိုးဘွားများကို နွေးထွေးကြင်နာ

မိမိတို့ထက် အသက်အရွယ်ကြီးရင့်သူများကို ပြုစုစောင့်ရှောက်ခြင်းသည် မည်သည့်ဘာသာဖြစ်စေ၊ မည်သည့်လူမျိုးဖြစ်စေ ကောင်းမွန်သည့်ဆောင်ရွက်ချက်တစ်ခုဖြစ်ပါသည်။ သက်ကြီးဘိုးဘွားသည် ကြီးမားသည့်ရောဂါဝေဒနာမခံစားရဘဲ ကျန်းမာနေသည့်ဘဝကို ကံကောင်းစွာရရှိနေသော်လည်း အထီးကျန်မှုဝေဒနာကို နေ့စဉ်နှင့်အမျှ ခံစားနေကြရသည်။ ထို့ကြောင့် လူကြီးမိဘ ဘိုးဘွားများကို အတတ်နိုင်ဆုံး ဂရုတစိုက် ရိုသေလေးစားမှုဖြင့် နွေးထွေးကြင်နာစွာ ပြုစုစောင့်ရှောက်သင့်ပါသည်။

လူမှန်လျှင် မိမိထက် ဂုဏ်အားဖြင့် ကြီးမြတ်သူ၊ အသက်၊ ဝါအားဖြင့် ကြီးမြင့်သူတို့ကို ရိုသေလေးစားကြရပါမည်။ အသက်ကြီးသူ၊ ဂုဏ်ကြီးမြတ်သူတို့ကို ငယ်ရွယ်သူတို့က ဦးစားပေးကြရမည်။ ဂါရဝတရားရှေ့ထား၍ ရိုသေစွာ နွေးနွေးထွေးထွေးဖေးမအားပေးဂရုစိုက်သင့်ပါသည်။ ထိုသို့ သက်ကြီး၊ ဝါကြီး၊ ဂုဏ်ကြီးသူများကို ရိုသေလေးစားစိတ်ဖြစ်ပေါ်ရန်မှာ မိမိစိတ်ကို နှိမ့်ချ၍ မာန်မာနစိတ်မရှိအောင် သတိထားနေနိုင်ရပါမည်။

သက်ကြီးဘိုးဘွားများကို ပြုစုစောင့်ရှောက်မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စစ်တွေမြို့ရှိ ဘိုးဘွားရိပ်သာမှ သက်ကြီးဘိုးဘွားများနှင့် တွေ့ဆုံနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် **“ဘိုးဘွားများကို စောင့်ရှောက်လျက်ရှိသူများအနေဖြင့် ဘိုးဘွားများ၊ ကိုယ်စိတ်နှလုံး၊ ရွှင်လန်းစွာဖြင့် နေထိုင်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘိုးဘွားများအနေဖြင့်လည်း မိမိတို့ဘဝအတွက် အကောင်းဆုံးအခြေအနေကို ရောက်ရှိနေပြီဟု နှလုံးသွင်းပြီး ကုသိုလ်ဘာဝနာများ ပွားများ၍ စိတ်နှလုံးရွှင်လန်းစွာဖြင့် နေထိုင်နိုင်ရန်လိုကြောင်း၊ လူသားတိုင်းသည် အသက်အရွယ်မရွေး နွေးထွေးကြင်နာမှုကို လိုလားကြကြောင်း၊ အထူးသဖြင့် ဘိုးဘွားများကဲ့သို့ အသက်အရွယ်ကြီးရင့်သူများကို နွေးထွေးစွာဖြင့် နေထိုင်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊”** စသည်ဖြင့် ဝမ်းမြောက်ကြင်နာစွာ ပြောကြားခဲ့သည်။

သက်ကြီးဘိုးဘွားများကို နိုင်ငံတော်အပိုင်းက လစဉ် လူမှုရေးပင်စင်များ၊ လစဉ်ပံ့ပိုးငွေများ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်း၊ မြန်မာပြည်တစ်ဝန်းတွင်လည်း သင်္ကြန်ကာလ၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်ကာလတို့တွင် အခမ်းအနားဖြင့် ပူဇော်ကန်တော့၍ ကောင်းမှုကုသိုလ်ပြုကြခြင်း၊ တပ်မတော်နယ်လှည့်အထူးဆေးကုအဖွဲ့များကလည်း ရောက်ရာအရပ်ရှိ သက်ကြီးဘိုးဘွားများကို မေတ္တာစေတနာအရင်းခံ၍ ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ မေတ္တာတရားဖြင့် ပြုစုစောင့်ရှောက်ခြင်းဖြစ်သည့်အတွက် ပြုစုစောင့်ရှောက်ခံရသူ ဘိုးဘွားတို့ကလည်း ပြုစုသူတို့၏ စေတနာမေတ္တာများကို အလေးအမြတ်ပြုကြသည်တို့မှာလည်း နှစ်သက်ကြည်နူးပီတိပွားရပါသည်။

သက်ကြီးဘိုးဘွားများ၏ ဘဝတစ်သက်တာ အတွေ့အကြုံ၊ ဗဟုသုတ၊ အသိအမြင်တို့သည် လူငယ်များအတွက် အနာဂတ်ကို ရင်ဆိုင်ရန် ခွန်အားတစ်ခုဖြစ်စေပါသည်။ မြန်မာတို့သည် သက်ကြီးဘိုးဘွားများကို လေးစားတန်ဖိုးထားပြုစုစောင့်ရှောက်သည့် မွန်မြတ်သည့်အစဉ်အလာလည်း ရှိပြီးဖြစ်ရာ နိုင်ငံအတွင်းရှိ သက်ကြီးဘိုးဘွားများ၏ ဝင်ငွေမလုံခြုံမှု၊ ကျန်းမာရေးနှင့် အထီးကျန်မှုဝေဒနာများကို လျော့ပါးသက်သာစေရန်အတွက် နွေးထွေးကြင်နာစွာ တတ်စွမ်းသရွေ့ပြုစုစောင့်ရှောက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇွန် ၁၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၁၉၃၃၇ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေဟာ ပြတိုက်က သမိုင်းဝင်ပြခန်းတွေကိုလဲ ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ ငါးကန်၊ လိပ်ကန်ကို သွားပြီး ငါးစာ၊ လိပ်စာတွေကို ကျွေးကြပါတယ်။ ရှုခင်းကောင်းတဲ့နေရာတွေမှာလဲ အလှဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေတာကို တွေ့ရပါတယ်။ နေ့ထူးနေ့မြတ်၊ အခါကြီးရက်ကြီးတွေဆိုရင် ဘုရားဖူးဦးရေ တိုးလာပါတယ်”ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၁၉၀၃၂၇ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၂၂၈ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၇၈၂ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့်ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀ ပေါက်ဈေးရှိ

**မန္တလေး ဇွန် ၁၀**

မန္တလေး ဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို မန္တလေးဈေးကွက်အတွင်း ယခင်က အရောင်းအဝယ်အေးခဲ့ပြီး ယခုအခါ ကုန်သည်များ အဝယ်ပြန်လိုက်လာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း၊ ထို့ပြင် ပြည်ပ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို ဝယ်ယူမှုများရှိကြောင်း သိရသည်။

“အခု မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို တချို့ကြက်သွန်နီလက်လီ၊ လက်ကား ဖြန့်ဖြူး ရောင်းချတဲ့ လုပ်ငန်းရှင်တွေ တော်တော်အဝယ်များလာတယ်။ မန္တလေးဈေးကွက်ထဲမှာလဲ အရောင်းအဝယ် တော်တော်လေး ပြန်ပြီး ကောင်းနေပါတယ်”ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇွန်လ ပထမပတ်က အရောင်းအဝယ် အေးနေခြင်းကြောင့် မြင်းခြံဘက်မှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း လက်ရှိတွင် အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ဇွန် ၉ ရက် ပေါက်ဈေးအရ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀ ရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

“အခုကတော့ မန္တလေးဈေးကွက်ထဲမှာ ပခုက္ကူဘက်ကထွက်တဲ့ကြက်သွန်နီတွေလဲ အရောင်းအဝယ်ပြန်ဖြစ်နေတယ်။ အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာ ရှိနေတာကတော့ မြင်းခြံဘက်ကထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေပဲဖြစ်ပါတယ်”ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း ငွေနှင်းမှိုတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ဖြင့် ဈေးကောင်းရရှိနေ

**မန္တလေး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း ငွေနှင်းမှို တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း ပုသိမ်ကြီးမြို့နယ် မှိုစိုက်ပျိုးရောင်းချသည့် လုပ်ငန်းရှင် ဦးရဲလင်းထွန်းက ပြောပြ၍ သိရသည်။

ငွေနှင်းမှိုများ စိုက်ပျိုးရာတွင် ကုန်ကြမ်းအနေဖြင့် မိမိတို့၏ လယ်မှထွက်ရှိသော ကောက်ရိုးများကို အသုံးပြု၍ ခြံစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ထွက်ရှိလာသည့် မှိုများကို ခြံအပြတ်သိမ်းသည့် ဒိုင်များကိုယ်တိုင် လာရောက်ဝယ်ယူ၍ မန္တလေးဈေးကွက်အတွင်းသို့ ပြန်လည်ရောင်းချကြကြောင်း၊ လက်ရှိအချိန်တွင် ဈေးနှုန်းအနေဖြင့် ငွေနှင်းမှို တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ဖြင့် ရောင်းချရ၍ မှိုစိုက်ပျိုးသည့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“မှိုစိုက်ပျိုးရာမှာ ကုန်ကြမ်းအနေနဲ့ ကောက်ရိုးကိုအသုံးပြုပြီး စိုက်ပျိုးတာပါ။ မှိုပျိုးအိတ် ၇၀၀၀၊ ၈၀၀၀ ဝင်ဆံ့တဲ့ ခြံကို အဆင့်လေးတွေလုပ်ပြီး စိုက်ပျိုးရောင်းချနေတာပါ။ မှိုအထွက်နှုန်းအနေနဲ့ နှစ်လခွဲသားဆိုရင် အထုတ် ၅၀၀၀ မှာ ပိဿာချိန် ၁၀၀၀ ထွက်ရှိပါတယ်။ တစ်ထုတ်ကို ပျမ်းမျှ ၂၀ ကျပ်သားနဲ့တွက်ချက် ပြီးပြောတာပါ။ ပြီးခဲ့တဲ့နှစ်က မှိုဈေးနှုန်းက တစ်ပိဿာကို ငွေကျပ် ၂၀၀၀ ကျော်နဲ့ ရောင်းချခဲ့ရပါတယ်။ လက်ရှိအချိန်မှာ မှိုဈေးက ခြံအရောက်ဝယ်ယူနေတာတောင် တစ်ပိဿာကို ငွေကျပ် ၃၅၀၀ ထိ ရောင်းချနေရတော့ အကျိုးအမြတ်ကောင်းကောင်းရရှိနေပါတယ်။ အခုစိုက်ပျိုးတဲ့ငွေနှင်းမှိုက ကျန်းမာရေးနဲ့ ညီညွတ်တော့ ဝယ်ယူစားသုံးကြပါတယ်”ဟု ဦးရဲလင်းထွန်းက ပြောပြသည်။

ပုသိမ်ကြီးမြို့နယ်အတွင်း စီးပွားဖြစ် မှိုစိုက်ပျိုးသည့် ခြံပေါင်း ၁၀၀ ကျော်ရှိကြောင်း၊ မှိုဈေးကောင်းရရှိသဖြင့် တောင်သူများ စိုက်ပျိုးသင့်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်ဒေးရှင်း အဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် နိဗ္ဗာန်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ နိဗ္ဗာန်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ကျပ် ၄၀၉ ဒသမ ၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နိဗ္ဗာန်ကျွန်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၇၇ ဦးကို ငွေကျပ် ၄၀၇ ဒသမ ၂၄ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၂ ဒသမ ၆၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၀၉ ဒသမ ၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဝင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ မိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အကွက် (၅၀၅) ကျွန်းလုံးဥသျှောင်ရပ်နေ ဦးဇော်မြင့်-ဒေါ်ယဉ်ယဉ်သန်း လမင်းပွဲရုံမိသားစုက ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၄၄၂၀၆ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၄၄၂၀၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၄၄၂၀၆ ဧကကို ယခုနှစ် ဇွန်လတတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံစုံ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ အခုနှစ် မိုးသီးနှံစုံ ၁၄၄၂၀၆ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ မိုးသီးနှံတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ မြေထွန်ယက်ပြုပြင်တဲ့လုပ်ငန်းတွေ လုပ်နေပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က စိုက်ပျိုးထားတဲ့သီးနှံတွေ ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေကို ပို့ချဆောင်ရွက်ပေးမှာဖြစ်တယ်။ မိုးသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့အတူ အခြားစိုက်ပျိုးရေးနဲ့ ဆက်စပ်တဲ့ဌာနတွေကလဲ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးမည့် မိုးသီးနှံစုံ ၁၄၄၂၀၆ ဧကတွင် မိုးစပါးဧက ၁၄၃၀၁၀၊ ပြောင်းဖူးစား တစ်ဧက၊ ကြံ ၈၇ ဧက၊ စားဖိုဆောင်သီးနှံ ၁၁၀၈ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့်မိုးသီးနှံများ အထွက်နှုန်းကောင်းစေရန်၊ အပျက်အစီး အလေအလွင့်မရှိစေရန်၊ တစ်ဧကချင်း စပါးအထွက်နှုန်းညီစေရန်၊ စပါးအရည်အသွေးကောင်းစေရန်၊ စနစ်တကျပြန်လည်ရိတ်သိမ်းနိုင်စေရန် စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပြင်ဦးလွင်မြို့နယ် ကြီးကိုင်ကျေးရွာ၌ ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**ပြင်ဦးလွင် ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ ကြီးကိုင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ဇွန် ၉ ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသောင်းမြင့်သိန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဧေယျာညိုက ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးညီညီဇော်က သင်တန်းတွင် သင်ကြားပို့ချမည့်ဘာသာရပ်များ အကြောင်း ပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းသို့ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကြီးကိုင်ကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ဆိုင်ကယ်ပြုပြင်နည်းကို အခြေခံမှစ၍ လုပ်ငန်းခွင်အတွင်း အသုံးပြုနိုင်သည်အထိ စနစ်တကျသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ဇွန် ၉ ရက်မှ ၂၉ ရက်ထိ ၂၁ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဧေယျာညိုက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# ပြည်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး


**ပြည် ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန်ရည်ရွယ်၍ ရွာသာကုန်းကျေးရွာနှင့် ပေါက်ပေါက်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းဦး၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွာသာကုန်းကျေးရွာနှင့် ပေါက်ပေါက်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်မြို့နယ် ရွာသာကုန်းကျေးရွာနှင့် ပေါက်ပေါက်ကျေးရွာတို့၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၄ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် သုံးသန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူကိုးဦးကို ငွေကျပ် ၂ ဒသမ ၂၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးဌေးဇော်ထံမှ သိရသည်။

**ကိုညီ**



# စီးပွားရေးလုပ်ငန်းများ၏ ပင်မတန်ဖိုး

မျိုးသူ(ကုန်သွယ်မြှင့်)

❖ စီးပွားရေးလုပ်ငန်းတစ်ခု၏ ပင်မတန်ဖိုးတွင် ရိုးသားဖြောင့်မတ်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ ဌဲ၊ လုံ့လ၊ ဝီရိယရှိခြင်းနှင့် စည်းမျဉ်းစည်းကမ်းရှိခြင်းများပါဝင်သည်။ အဆိုပါအချက်များသည် လူသားများတွင် ရှိရမည့် ကိုင်တွယ်ထိတွေ့မရသော တန်ဖိုးများလည်းဖြစ်သည်။ ထို့ပြင် ပင်မတန်ဖိုး၏ ပုံစံခုနစ်မျိုးဆိုရာတွင်လည်း ရိုးသားဖြောင့်မတ်ခြင်း၊ ရဲရင့်ခြင်း၊ လွတ်လပ်ခြင်း၊ ယုံကြည်မှုရှိခြင်း၊ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိခြင်း၊ မကောင်းမှုလုပ်ရမည်ကိုရှက်ကြောက်ခြင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းတို့ဖြစ်သည်ဟုဆိုသည်။ မပါမဖြစ်သောပင်မတန်ဖိုးမှာ ရိုးသားဖြောင့်မတ်ခြင်းပင်ဖြစ်သည်။ ❖

စီးပွားရေးလုပ်ငန်းများ၏ တန်ဖိုးကို ကိုင်တွယ်ထိတွေ့၍ရသောတန်ဖိုးနှင့် ကိုင်တွယ်ထိတွေ့၍မရသောတန်ဖိုးဟု ခွဲခြားတတ်ကြသည်။ ကိုင်တွယ်ထိတွေ့၍ရသောတန်ဖိုးမှာ လုပ်ငန်းအတွင်းပိုင်ဆိုင်သော ပုံသေပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးမြေ၊ အဆောက်အအုံ၊ စက်ရုံ၊ မော်တော်ကား စသည်တို့၏ တန်ဖိုးများကို ခေါ်တတ်ကြသည်။ ကိုင်တွယ်ထိတွေ့၍မရသောတန်ဖိုးဆိုသည်မှာ အမှတ်တံဆိပ်၊ လုပ်ငန်းအမည်နှင့် နာမည်သတင်းဂုဏ်သိက္ခာများ၏တန်ဖိုးများဖြစ်သည်။ ကိုင်တွယ်ထိတွေ့မရသောတန်ဖိုးများက ပို၍ တန်ဖိုးမြင့်သည်ဟုပင် ဆိုနိုင်သည်။ အဆိုပါတန်ဖိုးများကို တိုးတက်စေရန် ပင်မတန်ဖိုးများလိုအပ်သည်။

**ရိုးသားဖြောင့်မတ်မှန်ကန်ခြင်း**

စီးပွားရေးလုပ်ငန်းတစ်ခု၏ ပင်မတန်ဖိုးတွင် ရိုးသားဖြောင့်မတ်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ ဌဲ၊ လုံ့လ၊ ဝီရိယရှိခြင်းနှင့် စည်းမျဉ်းစည်းကမ်းရှိခြင်းများပါဝင်သည်။ အဆိုပါအချက်များသည် လူသားများတွင်ရှိရမည့် ကိုင်တွယ်ထိတွေ့မရသော တန်ဖိုးများလည်းဖြစ်သည်။ ထို့ပြင် ပင်မတန်ဖိုး၏ ပုံစံခုနစ်မျိုးဆိုရာတွင်လည်း ရိုးသားဖြောင့်မတ်ခြင်း၊ ရဲရင့်ခြင်း၊ လွတ်လပ်ခြင်း၊ ယုံကြည်မှုရှိခြင်း၊ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိခြင်း၊ မကောင်းမှုလုပ်ရမည်ကို ရှက်ကြောက်ခြင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းတို့ဖြစ်သည်ဟုဆိုသည်။ မပါမဖြစ်သောပင်မတန်ဖိုးမှာ ရိုးသားဖြောင့်မတ်ခြင်းပင်ဖြစ်သည်။ လုပ်ငန်းတစ်ခုအတွက် ရိုးသားဖြောင့်မတ်ခြင်း၊ မှန်ကန်ခြင်း၊ သစ္စာရှိခြင်းသည် ကျောရိုးမသဖွယ်ရှိသည်ဟုပင် ဆိုနိုင်သည်။ ပင်မတန်ဖိုးတစ်ခုကို အမှတ် ၁၀၀ ပေးမည်ဆိုလျှင် ရိုးသားဖြောင့်မတ်မှန်ကန်ခြင်းသည် အမှတ်ပြည့်ရမည်ဖြစ်သည်။ အဆိုပါအချက်ကို ငယ်စဉ်မှပင် သင်ယူလေ့ကျင့်ခဲ့လျှင် ပြည့်စုံသောလုပ်ငန်းတစ်ခုဖြစ်လာမည်။ ရိုးသားဖြောင့်မတ်ခြင်းဟူသော အခြေခံအချက်ကြောင့် အပြုအမူများ၊ ဆုံးဖြတ်ချက်များနှင့် လုပ်ပုံကိုင်ပုံများသည် နောက်မှလိုက်လာရသည့် သဘောဖြစ်သည်။

ဘဝတွင် အလိုအပ်ဆုံးအရာများကို ရိုးသားဖြောင့်မတ်ခြင်းက ဦးဆောင်သည်ဟုပင်ဆိုချင်သည်။ ရိုးသားဖြောင့်မတ်သည်ဆိုရာတွင် ရိုးသားမှုတစ်ခုတည်းသာမဟုတ်ဘဲ စေတနာကောင်းထားရှိခြင်း၊ အခြားသူများကို ကူညီလိုစိတ်ရှိခြင်း၊ မျှတသောသဘောထားရှိခြင်း၊ ကိုယ်ချင်းစာနာခြင်း စသည့်သဘောထားများပါဝင်သည်။ ဤသို့သော ရိုးသားဖြောင့်မတ်မှန်ကန်ခြင်းကို နုံအခြင်းနှင့် ရောထွေးမစဉ်းစားရန် လိုအပ်သည်။ အချို့သူများက ရိုးသားဖြောင့်မတ်မှန်ကန်ခြင်းကို နုံအခြင်းဟု မြင်တတ်ကြသည်။ လူလည်ကျခြင်းကို ကောင်းသည်ဟု မြင်တတ်သည်များရှိကြသည်။ ယခုဆိုလိုသည်မှာ ရိုးသားဖြောင့်မတ်ခြင်းတွင် အထက်ပါအချက်များလည်းပါဝင်ပြီး စီးပွားရေးလုပ်ငန်းအတွက် ပင်မကျောရိုးသဖွယ်ရှိသည်ဟု ဆိုလိုသည်။ စီးပွားရေးလုပ်ငန်းအတွက် ပင်မတန်ဖိုးကို ရိုးသားဖြောင့်မတ်မှန်ကန်ခြင်းဟု ရွေးချယ်ထားခြင်းတွင် အခြားသော Business Ethic ဟူသောစီးပွားရေးကျင့်ဝတ်ကောင်းများလိုက်နာခြင်း၊ Accountability and Responsibility ဟူသော တာဝန်ယူမှု၊ တာဝန်ခံမှုများပါဝင်ကြသည်။

**တာဝန်ယူမှု၊ တာဝန်ခံမှု**

စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အကျိုးအမြတ်ရရှိရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သော်လည်း ဘယ်သူသေသေ ငတေမာပြီးရောဆိုသကဲ့သို့ အမြတ်ငွေတစ်ခုတည်းကိုသာကြည့်၍ လုပ်ငန်းဆောင်ရွက်မည်ဆိုပါက ရေရှည်တည်တံ့ရန်လွယ်ကူမည်မဟုတ်ပေ။ သို့ရာတွင် အချို့သောပုဂ္ဂိုလ်များသည် အမြတ်တစ်ခုတည်းကိုသာကြည့်၍ လုပ်ကိုင်ရင်းတိုးတက်နေသည်များကိုမြင်နိုင်သည်။ ထိုလုပ်ငန်းများကို အားကျနေရန်လိုအပ်မည်မဟုတ်ဘဲ မိမိလုပ်ငန်းကို ရည်ရွယ်ချက်၊ ရည်မှန်းချက်ကောင်းမွန်ပြီး စားသုံးသူများကို အမှန်တကယ်အကျိုးပြုနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ရန် ကြိုးစားသင့်သည်။ စီးပွားရေးလုပ်ငန်းများတွင် အောင်မြင်မှုရလာသည်နှင့်အမျှ တာဝန်ယူမှု၊ တာဝန်ခံမှုကိုလည်း တိုးတက်လုပ်ဆောင်ပေးရန်လိုအပ်သည်။

မိမိလုပ်ငန်းမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ၏ အရည်အသွေး၊ အလေးချိန် စသည်တို့ကို တာဝန်ခံရပါမည်၊ တာဝန်ယူရပါမည်။ အရောင်းကောင်းတာတစ်ဖက်သို့ရောက်လျှင် တာဝန်မယူဟူသောကိစ္စမျိုးသည် ယခုခေတ်တွင် လုပ်ကိုင်၍မရနိုင်ပေ။ ရောင်းချပြီးနောက်တွင်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုများကို ထည့်သွင်းပေးရန်လိုအပ်လာသည်။ အရည်အသွေးနှင့်မိမိလုပ်ငန်း၏ နာမည်ဂုဏ်သတင်းကိုအလေးထားသောလုပ်ငန်းများတွင် တာဝန်ယူမှု၊ တာဝန်ခံမှုများကို ပိုမိုတွေ့မြင်ရတတ်သည်။ ကုန်ပစ္စည်းများရောင်းချသည့်အခါတွင် တစ်နှစ်အာမခံ၊ နှစ်နှစ်အာမခံ စသည်ဖြင့် အာမခံကာလများထည့်သွင်း၍ ရောင်းချလာသည်မှာ မိမိရောင်းချသည့်ကုန်ပစ္စည်း၏ အရည်အသွေးကို တာဝန်ခံခြင်း၊ တာဝန်ယူခြင်းဖြစ်သကဲ့သို့ ရောင်းချပြီးနောက်တွင်လည်း ဝန်ဆောင်မှုပြုလုပ်ပေးမည်ဟု တာဝန်ခံခြင်းဖြစ်သည်။ ထိုကဲ့သို့ တာဝန်ယူမှု၊ တာဝန်ခံမှုများသည် လုပ်ငန်း၏နာမည်ဂုဏ်သတင်း၊ ကုန်အမှတ်တံဆိပ်နှင့် လုပ်ငန်းအမည်တို့ကိုလည်း တန်ဖိုးတိုးစေသည်။ ထိတွေ့ကိုင်တွယ်၍မရသောတန်ဖိုးကိုတိုးမြင့်စေသည်။

ဥပမာ-တိုယိုတာကားဆိုသည်နှင့် တိုယိုတာကုမ္ပဏီက တာဝန်ခံဆောင်ရွက်ပေးသည့် After Sale Service လုပ်ငန်းများကို မြင်ယောင်သကဲ့သို့ အရည်အသွေးကောင်းမွန်ခြင်းနှင့်ယှဉ်တွဲ၍လည်း စားသုံးသူများက ရှုမြင်ကြသည့်အတွက် ကုမ္ပဏီ၏တန်ဖိုးသည် တိုးတက်လျက်ရှိသည်။ စားသုံးသူများက ကုန်အမှတ်တံဆိပ်များကို အစွဲအလမ်းထားသုံးစွဲခြင်းမှာ အရည်အသွေးကြောင့်ဖြစ်သည်ဆိုသည်ကို ငြင်းရန်လိုမည်မထင်ပေ။

ဥပမာအားဖြင့် Mobile Phone များတွင် Apple တံဆိပ် iPhone များကို အရွှးအမူးဖြစ်အောင် ဝယ်ယူကိုင်တွယ်ကြခြင်းသည် အရည်အသွေးကောင်းခြင်းကြောင့်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံတွင် ရွှေဘိုပေါ်ဆန်းမွှေးကို ဈေးကြီးပေးဝယ်စားကြခြင်းမှာလည်း ထူးခြားသော အရည်အသွေးကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ကုန်ပစ္စည်းအရည်အသွေးကောင်းများကိုသာ ထုတ်လုပ်ရောင်းဝယ်သည်ဆိုသော တာဝန်ယူမှု၊ တာဝန်ခံမှုသည် လုပ်ငန်း၏နာမည်ဂုဏ်သတင်းနှင့် လုပ်ငန်းအမှတ်အသားတံဆိပ်ကိုပါ တန်ဖိုးတိုးတက်စေသည်။ ထို့ကြောင့် အမည်ပျက်မဖြစ်စေရေးအတွက် စီးပွားရေးလောကတွင် အရေးကြီးသည်။ ကုန်ပစ္စည်းတစ်ခုချင်း၏ အရည်အသွေးကိုအာမခံသည့် တာဝန်ယူမှု၊ တာဝန်ခံမှုသည် အလွန်အရေးကြီးသည်။

**ဌဲ၊ လုံ့လ၊ ဝီရိယ**

ဌဲ၊ လုံ့လ၊ ဝီရိယရှိခြင်းသည် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးတွင်လိုအပ်သော ပင်မတန်ဖိုးတစ်ခုဖြစ်သည်။ ဤနေရာတွင် လျှပ်စစ်မီးတီထွင်သူ သောမတ်စ်အယ်ဒီဆင်သာ ဌဲ၊ လုံ့လမရှိခဲ့လျှင် ယခုခေတ်သည် အလင်းရောင်မဲ့နေမည်ဖြစ်သည်။ ရိုက်ညီနောင်သည်လည်း ဌဲ၊ လုံ့လမရှိခဲ့လျှင် လေယာဉ်ပျံခေတ်သည် နောက်ကျနေမည်ဖြစ်သည်။ ထင်ရှားကျော်ကြားသူများ၊ နည်းပညာတီထွင်သူများအားလုံးသည် ဌဲ၊ လုံ့လမပါသော လုပ်ငန်းများဖြင့် တိုးတက်အောင်မြင်ခဲ့ခြင်းမဟုတ်ပါ။ သောမတ်စ်အယ်ဒီဆင်ပြောသည်ဟု ကြားဖူးသောစကားတစ်ခွန်းမှာ မီးသီးမှမီးလင်းရန်ကြိုးစားခဲ့ရာ၌ အကြိမ်ပေါင်း ၁၀၀၀ ကျော် ကျဆုံးခဲ့သည်ဖြစ်သော်လည်း ကျဆုံးသည်ဟုမယူဆဘဲ အတွေ့အကြုံ ၁၀၀၀ ကျော်ရသည်ဟုယူဆခဲ့သည်ဟု ဆိုသောစကားဖြစ်သည်။ ဌဲ၊ လုံ့လ၊ ဝီရိယမည်မျှရှိသည်ကို ထိုစကားတစ်ခွန်းမှမြင်နိုင်သည်။

မန္တလေးမှ ကျော်ကြားသော အရိုးတောင်းလက်ဖက်သည်လည်း စတင်ခဲ့စဉ်က ဈေးတောင်းတစ်ခုဖြင့် စတင်ခဲ့ပြီး အောင်မြင်ကျော်ကြားသောအရိုးတောင်းဟူသည့် အမှတ်တံဆိပ်တစ်ခုဖြစ်လာသည်ထိ ဌဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားခဲ့ခြင်းဖြစ်သည်။ မန္တလေးတွင် ကျော်ကြားထင်ရှားသော မြင့်မြင့်ခင်ထိုးမုန့်၊ အောင်သမာဓိရွှေလုပ်ငန်း စသည်တို့ကိုကြည့်လျှင်လည်း ဌဲ၊ လုံ့လ၊ ဝီရိယဖြင့် နှစ်ပေါင်းများစွာကြိုးစားပြီး နာမည်ဂုဏ်သတင်းထိန်းသိမ်းခဲ့ကြသည်ကို တွေ့မြင်နိုင်သည်။

လူငယ်များသည် ချက်ချင်းအောင်မြင်လိုကြပြီး ဌဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားမည်၊ တစ်ထစ်ချင်း အမြင့်သို့တက်မည်ဟူသောစိတ်ဓာတ်အစား ဖြတ်လမ်းများဖြင့် ကြီးပွားရန်ကြိုးစားရင်း ကျဆုံးကြရသည်များကို မြင်တွေ့နေရသည်။ အောင်မြင်တိုးတက်ရန် ဖြတ်လမ်းမရှိပါဟု ပြောလိုသည်။

**စည်းမျဉ်းစည်းကမ်း**

ပင်မတန်ဖိုးများတွင် စည်းမျဉ်းစည်းကမ်းများသည်လည်း အရေးကြီးသောကိစ္စတစ်ခုဖြစ်သည်။ စီးပွားရေးလုပ်ငန်းတိုင်းသည် လုပ်ငန်းအလိုက်မျှော်မှန်းချက်ဟူသော Vision Mission များ၊ ရည်ရွယ်ချက်များ၊ စီမံချက်များချမှတ်ပြီးဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ စည်းမျဉ်းစည်းကမ်းများဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်နိုင်ရန်လိုအပ်သည်။ ကုန်ထုတ်လုပ်ရမည့် စည်းမျဉ်းစည်းကမ်း၊ ရောင်းချရမည့် စည်းမျဉ်းစည်းကမ်း၊ ဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများဖြင့် အကောင်အထည်ဖော်ရန် လိုအပ်သည်။ ကမ်းနဖူးမရှိသောမြစ်သည်မစီးသကဲ့သို့ အကွပ်မဲ့သော ကြမ်းသည် ပရမ်းပတာဖြစ်သည်ဆိုသကဲ့သို့ စီးပွားရေးလုပ်ငန်းတိုင်းသည် စည်းမျဉ်းစည်းကမ်းများ ချမှတ်လုပ်ကိုင်ကြရန်လိုအပ်သည်။

စည်းမျဉ်းစည်းကမ်းများကို တချို့က အနှောင်အဖွဲ့အနေဖြင့်မြင်တတ်သော်လည်း အမှန်မှာစည်းမျဉ်းစည်းကမ်းများသည် အရည်အသွေးကိုတိုးတက်အောင်ဆောင်ကြဉ်းပေးသည့် လမ်းများသာဖြစ်သည်။ ကုန်ပစ္စည်းများကိုထုတ်လုပ်သည့်အခါတွင်လည်း ကုန်ပစ္စည်းတိုင်းတွင် သတ်မှတ်ထားသောအရည်အသွေးများ၊ စံချိန်စံညွှန်းများကို လိုက်နာဆောင်ရွက်ခြင်းသည် စည်းကမ်းဘောင်အတွင်းမှ ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ အရည်အသွေးကိုလည်း ကောင်းမွန်စေသည်။ နိုင်ငံတော်က သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအပြင် မိမိလုပ်ငန်းခွင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလည်း အလုပ်ရှင်နှင့်အလုပ်သမား နှစ်ဖက်စလုံးက အကောင်အထည်ဖော်ခြင်းဖြင့် အောင်မြင်နိုင်ပြီး ထိတွေ့ကိုင်တွယ်၍မရသော မိမိလုပ်ငန်း၏ တန်ဖိုးများကို တိုးစေနိုင်သည်။ ရိုးသားဖြောင့်မတ်မှန်ကန်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ ဌဲ၊ လုံ့လ၊ ဝီရိယရှိခြင်းနှင့် စည်းမျဉ်းစည်းကမ်းရှိခြင်းတို့သည် စီးပွားရေးလုပ်ငန်းတိုင်း၏ ပင်မတန်ဖိုးများဖြစ်ကြသည်။

**ထိတွေ့ကိုင်တွယ်၍ မရသောတန်ဖိုး**

စီးပွားရေးလုပ်ငန်းများအတွက် ထိတွေ့ကိုင်တွယ်၍ရသောပစ္စည်းများနှင့် လူသားအရင်းအမြစ်များသည် အရေးကြီးသကဲ့သို့ပင် ထိတွေ့ကိုင်တွယ်၍မရသော Intangible Assets များသည် အလွန်အရေးပါသည်။ လုပ်ငန်း၏ပင်မတန်ဖိုးသည် အဆိုပါထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းများ၏ တန်ဖိုးပင်ဖြစ်သည်။

အထက်ဖော်ပြပါ ရိုးသားဖြောင့်မတ်မှန်ကန်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ ဌဲ၊ လုံ့လ၊ ဝီရိယရှိခြင်းနှင့် စည်းမျဉ်းစည်းကမ်းရှိခြင်းတို့သည် လုပ်ငန်း၏ ပင်မတန်ဖိုးများဖြစ်သည်။ ထိုအချက်များရှိသည့် လုပ်ငန်းများအတွက် ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းများဖြစ်သည့် ဉာဏပစ္စည်းများ၊ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်း၏ဂုဏ်သိက္ခာ၊ ဂုဏ်သတင်း၊ လူမှုဆက်ဆံရေးနှင့် စေတနာရှိခြင်း၊ မေတ္တာရှိခြင်းတို့ကိုလည်း တိုးတက်စေသည်။ ရေရှည်တိုးတက်စေသည်။ တစ်နပ်စားနှင့် တစ်ပွဲထိုးသမားများအတွက် မလွယ်ကူသော်လည်း ရေရှည်ရပ်တည်ပြီး အောင်မြင်အောင် လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းရှင်တိုင်းအနေဖြင့် အဆိုပါလုပ်ငန်း၏ ပင်မတန်ဖိုးများကိုဖော်ဆောင်နိုင်ရန်လိုအပ်သည်။

စီးပွားရေးလုပ်ငန်းတိုင်းသည် အောင်မြင်လာသည့်အခါတွင် နာမည်ဂုဏ်သတင်းကိုလည်းထိန်းသိမ်းလာရသည်။ ထိုအချက်တစ်ချက်တည်းသည်ပင် ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းများ၏ တန်ဖိုးဖြစ်သည်။ ထိတွေ့ကိုင်တွယ်မရသောပစ္စည်းများ၏ တန်ဖိုးသည် တွက်ချက်ရခက်ခဲပြီး အတိုင်းအဆများစွာရှိကြသည်။

ဥပမာအားဖြင့် ကိုကာကိုလာအချိုရည်သည် အချိုရည်တစ်မျိုးတည်းသာဖြစ်သော်လည်း အရသာ၊ အရည်အသွေးတို့ကို နှစ်ပေါင်းများစွာကြာအောင်ထိန်းသိမ်းထားနိုင်သည့်အတွက် သူ၏ ကုန်အမှတ်တံဆိပ်တန်ဖိုးသည်ပင် များစွာကြီးမားသည်ဟု သိရသည်။ အကယ်၍ ကိုကာကိုလာအချိုရည် အမှတ်တံဆိပ်နှင့် အချိုရည်ကိုဝယ်ယူမည်ဆိုပါက ပိုင်ဆိုင်သောကုန်ပစ္စည်းတန်ဖိုးစုစုပေါင်းတွင် ထိတွေ့ကိုင်တွယ်မရသော ကုန်အမှတ်တံဆိပ်တန်ဖိုးသည် ရာခိုင်နှုန်းများစွာပါဝင်မည်ဖြစ်သည်။

ထို့ကြောင့် အောင်မြင်လိုသော စီးပွားရေးလုပ်ငန်းများသည် အထက်ဖော်ပြပါ ပင်မတန်ဖိုး အချက်ငါးချက်ကို အခြေခံအားဖြင့် ဖော်ဆောင်နိုင်ရန်လိုအပ်သည်။ သို့မှသာ ရေရှည်အောင်မြင်သော စီးပွားရေးလုပ်ငန်းဖြစ်လာပြီး ထိတွေ့ကိုင်တွယ်မရသောပစ္စည်းတန်ဖိုးသည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့ါအပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရော်ဘာတန်ချိန်သုံးသိန်းခန့် တင်ပို့သွားမည်



**ထားဝယ် ဇွန် ၁၀**

ကမ္ဘာ့ရော်ဘာဈေးမြင့်တက်မှုကြောင့် ပြည်တွင်းရော်ဘာ ဈေးကောင်းရနေပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရော်ဘာတန်ချိန် သုံးသိန်းခန့် တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း(တနင်္သာရီတိုင်းဒေသကြီး) ဗဟိုအလုပ်အမှုဆောင် ဦးကျော်ဦးက ပြောပြ၍ သိရသည်။

လက်ရှိတွင် ကမ္ဘာ့ရော်ဘာဈေးမြင့်တက်မှုကြောင့် ပြည်တွင်းရော်ဘာဈေးကွက်တွင်လည်း ဈေးကောင်းရနေပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရော်ဘာတန်ချိန် သုံးသိန်းခန့်ထိ ပြည်ပသို့ တင်ပို့သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ရော်ဘာကို ပင်လယ်ရေကြောင်းကုန်သွယ်ရေး လမ်းကြောင်းက အဓိကတင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံက ၇၀ ရာခိုင်နှုန်းခန့် ဝယ်ယူလျက်ရှိကြောင်း၊ မြန်မာ့ရော်ဘာကို တရုတ်နိုင်ငံအပြင် မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကိုရီးယား၊ အိန္ဒိယနှင့်ဂျပန်နိုင်ငံတို့သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

"ကမ္ဘာ့ရော်ဘာဈေးတက်လို့ ပြည်တွင်းရော်ဘာဈေးပါ လိုက်တက်နေတာပါ။ အခု ဇွန်လဆန်းပိုင်းမှာ ရော်ဘာပေါက်ဈေးက တစ်ပေါင်ကို အမေရိကန်ဒေါ်လာ ၁၆၅၀ ကနေ ၁၇၀၀ ထိ မြင့်တက်နေပါတယ်။ ပြည်တွင်းရော်ဘာဈေးကွက်ထဲမှာ လက်ရှိတစ်ပေါင်ကို ငွေကျပ် ၁၄၁၀ ပေါက်ဈေးရှိနေပါတယ်။ အခုဘဏ္ဍာနှစ်မှာ ပြည်ပကို ရော်ဘာ တန်ချိန် သုံးသိန်းလောက် တင်ပို့သွားဖို့ရှိပါတယ်"ဟု ဦးကျော်ဦးက ပြောပြသည်။

မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရော်ဘာအများဆုံးစိုက်ပျိုးကြပြီး စုစုပေါင်းစိုက်ဧက ၁ ဒသမ ၆ သန်းကျော်ရှိကြောင်း၊ နှစ်စဉ် ရော်ဘာတန်ချိန် ၁၉၀၀၀၀ ကျော်ကို တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံတို့သို့ တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း (တနင်္သာရီတိုင်းဒေသကြီး) ဗဟိုအလုပ်အမှုဆောင် ဦးကျော်ဦးက ပြောပြ၍ သိရသည်။

ASH

# အမ်းမြို့နယ် ကျောင်းကုန်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး



**အမ်း ဇွန် ၁၀**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဂါယ်လင်းကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှုများကို ဇွန် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျောင်းကုန်းကျေးရွာ၌ အလျားပေ ၆၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ကျောင်းကုန်းကျေးရွာတွင် အဆိုပါ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့်ငွေကျပ် ၁၈ ဒသမ ၁ သန်း၊ ပြည်သူထည့်ဝင်ငွေသုံးသန်း စုစုပေါင်း ၂၁ ဒသမ ၁ သန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းထံမှ သိရသည်။

**ကိုသန်း**

# အတ္တ သရုပ်ဆောင်

\- သူငယ်ချင်း
မင်း ကြည့်လိုက်လေ
လူတွေအကြောင်း သေချာပေါင်းမှ
ကောင်းကောင်းသိရ အံ့ဩရဖွယ်
ပြောပြမကုန်နိုင်အောင်ပါပဲ။

\- ကိုယ့်အလိုကျ ကိုယ့်ဆန္ဒများ
ပြည့်ဝရပေ ဖြည့်နိုင်လေက
ရွှေမျက်နှာပြုံး သကာဖုံးစေ။

\- သူ့မျှော်မှန်းချက် ရပ်တည်ချက်တွက်
ဖြည့်စွက်နိုင်ရာ ပျက်ကွက်လာက
မျက်နှာညစ်မဲ့ ရုပ်သွင်မည်းစေ။

\- အလိုကျစဉ်
ပြုံးရွှင်ကြည်မြ အားရနှစ်ထောင်း
မိတ်ကောင်းဆွေရင်း ပွင့်လင်းလိုက်လှဲ
ရဲဘော်ရဲဘက် ပုံစံမျိုး။

\- အလိုမကျ
ကြုံရချိန်ခါ မျက်နှာထားတင်း
ရင်တွင်းမဖြူ ငြူစူဆက်ဆံ
ရန်သူရန်ဘက် ပုံစံမျိုး။

\- ခွင့်လမ်းတိုင်းတာ ဆုပ်ကိုင်ကာလေ
သာပြီဆို စံ နာရင် ကန်ထုတ်
ဟန်ရုပ်မျိုးစုံ ကြုံကြိုးကြုံလိမ့်
ကြုံရဆုံရ များလွန်းလှမို့
လောကရုပ်ဝန်း သည်ဇာတ်ညွှန်းရဲ့
တွန်းပို့ညို့ဖမ်း ဇာတ်ဝင်ခန်းမှာ
အားစမ်းယှဉ်ရာ မင်းတို့ငါတို့
ရှောင်ခွာမရ နောက်ဆုံးကျတော့
အတ္တသရုပ်ဆောင်တွေပဲ သူငယ်ချင်း။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

# ပင်းတယမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ ဇွန် ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ပိန္နဲကုန်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးကျော်စိန်နှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၀၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပိန္နဲကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၁ ဦးကို ငွေကျပ် ၅၀၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## နိုင်ငံတကာ သတင်းများ

# လာမည့်ဇူလိုင်လအတွင်း နည်းဗျူဟာမြောက် နျူလက်နက်များ ဘီလာရုစ်၌ စတင်ဖြန့်ကြက်ရန် ရုရှားနိုင်ငံစီစဉ်



**မော်စကို ဇွန် ၁၀**

ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ ဖြန့်ကြက်မှုကို ယခုနှစ် ဇူလိုင်လအတွင်းစတင်ရန် ရုရှားနိုင်ငံက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၉ ရက်တွင် ဖော်ပြခဲ့သည်။

ယခုနှစ် ဇူလိုင် ၇ ရက်နှင့် ၈ ရက်တို့၌ နည်းဗျူဟာမြောက် နျူကလီးယားဗုံးကျည်များအတွက် အထူးသိုလှောင်ရေး စခန်းများ အသင့်အနေအထား ရှိချိန်တွင် ဗုံးကျည်ဖြန့်ကြက်မှု စတင်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ဇွန် ၉ ရက်တွင်ထုတ်ဖော်ပြောကြားခဲ့သည်။

ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များ ဖြန့်ကြက်မှုသည် ရုရှားနိုင်ငံအနေဖြင့် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက်ပိုင်း ရုရှားနယ်စည်းပြင်ပ၌ ပထမဆုံးပြုလုပ်သည့် နျူကလီးယားလက်နက်ဖြန့်ကြက်မှုဖြစ်လာလိမ့်မည်ဖြစ်သည်။

ရုရှားသမ္မတ ပူတင်သည် ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ ဖြန့်ကြက်မည့်အစီအစဉ်ကို ယခုနှစ် မေလကပင် ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

နျူကလီးယား လက်နက် သိုလှောင်ရေးစခန်းများ တည်ဆောက်ပြင်ဆင်မှုသည် ဇူလိုင် ၇ ရက် နှင့် ၈ ရက်တွင် အဆုံးသတ်မည်ဖြစ်ရာ မိမိတို့အနေဖြင့် ယင်းအချိန်လောက်တွင် ဘီလာရုစ်၌ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ စတင်ဖြန့်ကြက်နိုင်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ဘီလာရုစ်သမ္မတ လူကာရှန်ကိုနှင့် ဇွန် ၉ ရက်က တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များ ဖြန့်ကြက်မည့် ရုရှားနိုင်ငံ၏ အစီအစဉ်ကို အမေရိကန်နိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများက အနီးကပ် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ KKO

# လေယာဉ်ပျက်ကျပြီး ရက်သတ္တပါတ်ကျော်အကြာတွင် ကိုလံဘီယာ ကလေးလေးဦးကို ပြန်လည်တွေ့ရှိ

**ဘိုဂိုတာ ဇွန် ၁၀**

လေယာဉ်ငယ်တစ်စင်းပျက်ကျမှုတွင် ပါဝင်ခဲ့သောဌာနေလူမျိုးစုဝင် ကလေးလေးဦးကို လေယာဉ်ပျက်ကျခဲ့ပြီး ရက်သတ္တပါတ်ကျော် အကြာတွင် တောတွင်းတစ်နေရာ၌ ကိုလံဘီယာစစ်ဘက်က အသက်ရှင်လျက် ရှာဖွေတွေ့ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ကလေးလေးဦးကို ကာကွီတာပြည်နယ်နှင့် ဂွါဗီအာရီပြည်နယ် နယ်စပ်သစ်တောအတွင်း၌ ကိုလံဘီယာတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ကိုလံဘီယာသမ္မတ ဂူစတာဗိုပက်ထရိုက ဇွန် ၉ ရက်တွင် ပြောကြားခဲ့သည်။

၎င်းကလေးလေးဦးနှင့် လူကြီးသုံးဦးလိုက်ပါလာသည့် ဆက်စနာအမျိုးအစား လေယာဉ်ငယ်သည် အမေဇုံးနက်စ်ပြည်နယ်မှ ဂွါဗီအာရီပြည်နယ်သို့ ပျံသန်းနေစဉ် မေ ၁ ရက်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါလေယာဉ် ပျက်ကျပြီး ရက်သတ္တပါတ်နီးပါးကြာ အသက်ရှင်ခဲ့သည့်ကလေးများမှာ အသက်အားဖြင့် ၁၃ နှစ်၊ ကိုးနှစ်၊ လေးနှစ်နှင့် ၁၂လသားကလေးများဖြစ်ကြကြောင်း ကိုလံဘီယာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

၎င်းကလေးလေးဦးကို ပြန်လည်ရှာတွေ့ပြီဖြစ်ကြောင်း ကိုလံဘီယာသမ္မတ ဂူစတာဗိုပက်ထရိုက မေ ၁၇ ရက်တွင် တွစ်တာစာမျက်နှာ၌ကြေညာခဲ့သော်လည်းနောက်ပိုင်းတွင် ယင်းသတင်းကို အတည်မပြုနိုင်သေးကြောင်း ပြောကြားခဲ့သည်။

ကလေးလေးဦးကို ရှာဖွေရာတွင် ကိုလံဘီယာစစ်ဘက်မှ လေယာဉ်များ၊ရဟတ်ယာဉ်များနှင့် တပ်ဖွဲ့ဝင်ရာနှင့်ချီ၍ ပါဝင်ခဲ့ကြကြောင်း သိရသည်။ KKO



# တူရကီသင်္ဘောကို ရွှေ့ပြောင်းဝင်ရောက်သူများခြိမ်းခြောက်မှုကြောင့် အီတလီအထူးတပ်ဖွဲ့ဝင်များ ထိန်းချုပ်ကယ်တင်

**ရောမ ဇွန် ၁၀**

တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူတစ်စု၏ ခြိမ်းခြောက်မှုနှင့်ရင်ဆိုင်ခဲ့ရသော တူရကီကုန်တင်သင်္ဘောတစ်စီးကို အီတလီအထူးတပ်ဖွဲ့ဝင်များက ဇွန် ၉ ရက်တွင် ထိန်းချုပ်ကယ်တင်ခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဂါလီတာဆီးဝေးစ် အမည်ရှိ အဆိုပါ တူရကီကုန်တင်သင်္ဘောသည် အီတလီရေပိုင်နက်အတွင်း ခုတ်မောင်းနေစဉ် ပုန်းအောင်းလိုက်ပါလာသော တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ ၁၅ ဦးတို့၏ လက်နက်ကိုင်ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း အီတလီကာကွယ်ရေးဝန်ကြီး ခရိုဆက်တိုက ပြောကြားခဲ့သည်။

သို့သော် အီတလီတောင်ပိုင်း နေပယ်လ်မြို့ကမ်းလွန်၌ အီတလီအထူးတပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်များဖြင့် ဂါလီတာဆီးဝေးစ်သင်္ဘောပေါ်သို့ တက်ရောက်၍ အခြေအနေကို ထိန်းချုပ်နိုင်ခဲ့ကြောင်း အီတလီကာကွယ်ရေးဝန်ကြီး၏အဆိုအရ သိရသည်။

အီတလီ အထူးတပ်ဖွဲ့ဝင်များသည် ဂါလီတာဆီးဝေးစ်သင်္ဘောပေါ်သို့ တက်ရောက်ပြီးနောက် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများဖမ်းဆီးထားသော သင်္ဘောသားများကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း အီတလီကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ဂါလီတာဆီးဝေးစ် ကုန်တင်သင်္ဘောသည် တူရကီနိုင်ငံ ယာလိုဗာဆိပ်ကမ်းမှ ပြင်သစ်နိုင်ငံ ဆီတီဆိပ်ကမ်းသို့ ခုတ်မောင်းနေစဉ် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများ၏ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

သို့သော် ဂါလီတာဆီးဝေးစ်သင်္ဘောပေါ်သို့ တရားမဝင် ရွှေ့ပြောင်း ဝင်ရောက်သူများ မည်သို့မည်ပုံတက်ရောက်လာသည်ကို မသိရသေးကြောင်း သိရသည်။

KKO

# ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဘောရစ်ဂျွန်ဆင် လွှတ်တော်အမတ်အဖြစ်မှ ရုတ်တရက်နုတ်ထွက်

**လန်ဒန် ဇွန် ၁၀**

ဗြိတိန် ဝန်ကြီးချုပ်ဟောင်း ဘောရစ်ဂျွန်ဆင်သည် ဇွန် ၉ ရက်တွင်ဗြိတိန်လွှတ်တော်အမတ်အဖြစ်မှ ရုတ်တရက်နုတ်ထွက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ်တာဝန်ရယူထားစဉ်ကာလအပြုအမူနှင့်လုပ်ရပ်များကို စုံစမ်းစစ်ဆေးနေသည့် လွှတ်တော်အမတ်များအား ကန့်ကွက်သည့်အနေဖြင့် ဘောရစ်ဂျွန်ဆင်က လွှတ်တော်အမတ်ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

လာမည့်နှစ်အတွင်း ကျင်းပဖွယ်ရှိသည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ လွှတ်တော်အမတ်အဖြစ်မှ ဘောရစ်ဂျွန်ဆင်နုတ်ထွက်ခဲ့မှုကြောင့် လက်ရှိအာဏာရကွန်ဆာဗေးတစ်ပါတီ၏ပါတီအတွင်းအမြင်ကွဲပြားမှုများ ပို၍နက်ရှိုင်းလာနိုင်ကြောင်း သိရသည်။

ဗြိတိန် ဝန်ကြီးချုပ်ဟောင်း ဘောရစ်ဂျွန်ဆင်သည် ကိုဗစ်-၁၉ ရောဂါကပ်ဘေးကာလ ရောဂါထိန်းချုပ်ရေးစည်းမျဉ်းများချိုးဖောက်ခဲ့မှုပြဿနာအတွက် လွှတ်တော်၏ စုံစမ်းစစ်ဆေးမှုနှင့် ရင်ဆိုင်နေရသည်။

ရောဂါထိန်းချုပ်ရေးစည်းမျဉ်းများချိုးဖောက်မှုအတွက် စုံစမ်းစစ်ဆေးမှုပြုလုပ်နေသောလွှတ်တော်အမတ်များကို ၎င်း၏ နိုင်ငံရေးသမားဘဝအား အဆုံးသတ်ရန်ဆုံးဖြတ်ထားသူများအဖြစ် ဘောရစ်ဂျွန်ဆင်က ဇွန် ၉ ရက်တွင် ဝေဖန်ခဲ့သည်။

သို့သော် လက်ရှိအခြေအနေအရ လွှတ်တော်အမတ်နေရာမှ နုတ်ထွက်ပေးခဲ့ရသော်လည်း မိမိအနေဖြင့် နိုင်ငံရေးလောကတွင်းသို့တစ်ကျော့ပြန်ဝင်ဦးမည်ဖြစ်သည်ဟုဘောရစ်ဂျွန်ဆင်က ပြောကြားထားကြောင်း သိရသည်။ KKO

# ဂျပန်နိုင်ငံ ဟာနီဒါနိုင်ငံတကာလေဆိပ်၌ ခရီးသည်တင်လေယာဉ်နှစ်စင်း ဝင်တိုက်

**တိုကျို ဇွန် ၁၀**

ဂျပန်နိုင်ငံ တိုကျိုမြို့ ဟာနီဒါလေဆိပ်၌ ယနေ့တွင် ခရီးသည်တင်လေယာဉ်နှစ်စင်း ပြေးလမ်းပေါ်၌ ပွတ်တိုက်မိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။




ခရီးသည်တင် လေယာဉ်နှစ်စင်း ပြေးလမ်းပေါ်၌ ပွတ်တိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရသူမရှိခဲ့သော်လည်း လေကြောင်းခရီးစဉ်အချို့ထိခိုက်ခဲ့ရကြောင်း ဟာနီဒါလေဆိပ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်အတွင်း ထိုင်းလေကြောင်းလိုင်းမှ အဲဘတ်စ်အေ-၃၃၀ အမျိုးအစားခရီးသည်တင်လေယာဉ်တစ်စင်းသည်ပျံတက်ရန်ပြင်ဆင်နေစဉ် လေယာဉ်ယာဘက် တောင်ပံထိပ်ဖျားဖြင့် တရွတ်(တိုင်ဝေ) ခရီးသည်တင်လေယာဉ်၏နောက်မြီးကို ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ တိုက်ခဲ့ပြီးနောက် အဲဘတ်စ်အေ-၃၃၀ ခရီးသည်တင်လေယာဉ်မှာ ယာဘက်တောင်ပံထိပ်ဖျား ပျက်စီးခဲ့ရပြီးနောက် ဆက်လက်ပျံသန်းနိုင်မှု မရှိတော့ကြောင်း ထိုင်းလေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

အဆိုပါထိုင်းလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်ပေါ်တွင် ခရီးသည်ဦးရေ ၂၅၀ နှင့် လေယာဉ်အမှုထမ်း ၁၄ ဦးတို့ လိုက်ပါခဲ့ကြောင်း သိရသည်။

ဟာနီဒါ လေဆိပ်လေယာဉ်နှစ်စင်းမြေပြင်၌ ဝင်တိုက်မှုကြောင့် လေဆိပ်ပြေးလမ်း လေးခုအနက် တစ်ခုကို လေဆိပ်တာဝန်ရှိသူများက ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ပတ်ကားနေလေ့လာရေးအာကာသယာဉ်က နေမှထုတ်လွှတ်လိုက်သည့် စွမ်းအင်ဆောင်အမှုန်စီးကြောင်းများ၏ အရင်းအမြစ်နယ်မြေများကို လေ့လာနိုင်ခဲ့



**ဝါရှင်တန် ဇွန် ၁၀**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ပတ်ကားနေလေ့လာရေးအာကာသယာဉ်သည် နေကိုအနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် နေမှထုတ်လွှတ်လိုက်သည့် စွမ်းအင်ဆောင် အမှုန်စီးကြောင်းများ၏ အရင်းအမြစ်နယ်မြေများကို လေ့လာနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

နေကိုအနီးကပ်ဖြတ်ကျော် ပျံသန်းစဉ် ပတ်ကားနေလေ့လာရေးအာကာသယာဉ်သည် စွမ်းအင်ဆောင်အမှုန်စီးကြောင်းများ၏ အရင်းအမြစ်ဖြစ်သည့် နေလေထုလွှာယိုပေါက်များကို လေ့လာနိုင်ခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ပတ်ကားအာကာသယာဉ်မှရရှိသည့် အချက်အလက်များအရ စွမ်းအင်ဆောင် အမှုန်စီးကြောင်းများသည် နေလေထုလွှာယိုပေါက်များမှတစ်ဆင့် စီးထွက်လာခြင်းဖြစ်သည်ကိုတွေ့ရကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ပတ်ကားနေလေ့လာရေးယာဉ်သည် ယခုနှစ် မတ် ၁၇ ရက်တွင် နေကို ၁၅ ကြိမ်မြောက်အဖြစ် အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် နေလေထုလွှာယိုပေါက်များကို လေ့လာနိုင်ခဲ့ခြင်းဖြစ်သည်။

မတ် ၁၇ ရက်တွင် ပတ်ကားအာကာသယာဉ်သည် တစ်နာရီလျှင် ၃၆၅၀၀၀ အမြန်နှုန်းဖြင့် နေကို မိုင်ပေါင်း ၃ ဒသမ ၈ သန်းခန့်အကွာမှ ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။

နေမျက်နှာပြင်နှင့်ထိုမျှလောက်နီးကပ်မှုကြောင့် ပတ်ကားအာကာသယာဉ်အနေဖြင့် နေလေထုလွှာ ယိုပေါက်များကို လေ့လာနိုင်ခဲ့ခြင်းဖြစ်သည်ဟု နာဆာတာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

KKO

# HEALTH

## အရက်သေစာသောက်သုံးမှုကြောင့် ရောဂါအမျိုးအစား ၆၀ ဖြစ်နိုင်ခြေမြင့်မားလာနိုင်

**လန်ဒန် ဇွန် ၁၀**

အရက်သေစာ သောက်သုံးမှုကြောင့် ရောဂါအမျိုးအစား ၆၀ ဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇွန် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

အရက်အလွန်အကျွံ သောက်သုံးပါက အသည်းခြောက်ရောဂါ၊ လေဖြတ်မှုနှင့် ကင်ဆာရောဂါများ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်သည်ဟု အများသိထားကြပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ အရက်အလွန်အကျွံသောက်သုံးမှုကြောင့် အထက်ပါရောဂါများအပြင် ဂေါက်ရောဂါနှင့် မျက်လုံးရေတိမ်ရောဂါများအပါအဝင် ရောဂါအမျိုးအစား ၆၀ ထိ ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သိရသည်။

အရက်အလွန်အကျွံသောက်သုံးမှုကြောင့် ဖြစ်ပွားနိုင်သည့်ရောဂါအမျိုးအစား ၆၀ အနက် ၂၈ မျိုးမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖော်ထုတ်အတည်ပြုပြီးသား ရောဂါများဖြစ်ပြီး ၃၂ မျိုးမှာ ထပ်တိုးရောဂါများဖြစ်ကြသည်ဟု ဗြိတိန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် တရုတ်နိုင်ငံသား ၅၀၀၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို စိစစ်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များ တင်ပြထားသော အရက်သေစာသောက်စားမှု လွန်ကဲမှုကြောင့် ဖြစ်ပွားနိုင်သည့် ရောဂါ ၆၀ စာရင်းတွင် အရိုးကျိုးအက်မှု၊ အဆုတ်ကင်ဆာ စသည့် ရောဂါများလည်း ပါဝင်ကြောင်း သိရသည်။

KKO


## ကမ္ဘာဂြိုဟ်ပေါ်ရှိ သက်ရှိများ၏ ဆင့်ကဲဖြစ်စဉ်သမိုင်းကို ပြောင်းလဲပစ်လိုက်နိုင်သော ဇီဝရုပ်ကျောက်ဖြစ်ရုပ်ကြွင်းများကို ဩစတြေးလျသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဆစ်ဒနီ ဇွန် ၁၀**

ကမ္ဘာဂြိုဟ်ပေါ်ရှိ သက်ရှိများ၏ ဆင့်ကဲဖြစ်စဉ်သမိုင်းကို ပြောင်းလဲပစ်လိုက်နိုင်သော ဇီဝရုပ်ကျောက်ဖြစ်ရုပ်ကြွင်းများကို ဩစတြေးလျသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Reuters သတင်းဌာနက ဇွန် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

Protosterol Biota ခေါ် အဆိုပါဇီဝရုပ်များသည် လွန်ခဲ့သောနှစ်ပေါင်း ၁ ဒသမ ၆ ဘီလီယံခန့်က ပင်လယ်ရေအောက်၌ ရှင်သန်ခဲ့သော သက်ရှိများဖြစ်ကြကြောင်း ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် Protosterol Biota ဇီဝရုပ်များသည် ကမ္ဘာဂြိုဟ်သက်ရှိများ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်၏ မူလအရင်းအမြစ်ဖြစ်ကြောင်း သိရသည်။



ဩစတြေးလျသိပ္ပံပညာရှင်များသည် Protosterol Biota ကျောက်ဖြစ်ရုပ်ကြွင်းများကို မော်လီကျူးအဆင့် ကျောက်ဖြစ်ရုပ်ကြွင်းပုံစံမျိုးဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

Protosterol Biota ကျောက်ဖြစ်ရုပ်ကြွင်းများကို သက်တမ်း ၁ ဒသမ ၆၄ ဘီလီယံရှိသော ဘာနေခရိခ်အမည်ရှိ ကျောက်လွှာနယ်မြေ၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ သမုဒ္ဒရာရေပြင်များ၌ ပေါများစွာရှိခဲ့သည့် Protosterol Biota များသည် ကမ္ဘာဂြိုဟ် သမိုင်းတစ်လျှောက် ကာလအတော်များများ၌ ကမ္ဘာ့ဂေဟစနစ်များကို ပုံသွင်းပေးခဲ့ကြဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ KKO

## စမ်းသပ်ဆဲကင်ဆာဆေးတစ်မျိုးက ရောင်ရမ်းမှုကိုလျှော့ချပေးနိုင်မည့် အလားအလာရှိ

**နယူးယောက် ဇွန် ၁၀**

စမ်းသပ်ဆဲ ကင်ဆာဆေးတစ်မျိုးသည် နှလုံးရောဂါနှင့်ဆက်စပ်နေသည့် ရောင်ရမ်းမှုများကို လျှော့ချပေးနိုင်မည့် အလားအလာရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက ဇွန် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

Saracatinib အမည်ရှိအဆိုပါကင်ဆာဆေးကို အမေရိကန်နိုင်ငံ နယူးယောက်တက္ကသိုလ်မှ သုတေသနပညာရှင်များက နှလုံးရောဂါလူနာများဖြင့် လက်တွေ့စမ်းသပ်လျက်ရှိသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ပဏာမရလဒ်များအရ အဆိုပါဆေးသည် နှလုံးရောဂါနှင့်ဆက်စပ်နေသော ရောင်ရမ်းမှုများကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Saracatinib ဆေးသည် နှလုံးရောဂါအဖြစ်သို့ ပြောင်းလဲသွားတတ်သော Atherosclerosis သွေးကြောများအတွင်း အဆီအနည်ထိုင်မှုအခြေအနေပိုဆိုးလာမှုကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Atherosclerosis ပြဿနာကြောင့် လူခုခံအားစနစ်ဖောက်ပြန်သွားတတ်ပြီး နောက်ဆက်တွဲအဖြစ် ရောင်ရမ်းမှုပြဿနာများ ရှိလာတတ်ကြောင်း သိရသည်။

Saracatinib ဆေးသည် ကင်ဆာ၊ အဆုတ်ရောဂါနှင့် အယ်ဇိုင်းမားရောဂါတို့အတွက် အသုံးဝင်နိုင်ဖွယ် ကုထုံးတစ်ခုအဖြစ် စမ်းသပ်နေသော ကုထုံးဖြစ်ကြောင်း သိရသည်။ KKO



## နာဆာ၏ ဂျိမ်းစ်ဝက်အာကာသရေဒီယိုတယ်လီစကုပ်က စကြဝဠာ၏ပထမဆုံး ကြယ်စုများဖြစ်နိုင်သည့် ရှေးဟောင်းကြယ်စု ၇၀၀ ကျော်ကို ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဇွန် ၁၀**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက် အာကာသရေဒီယိုတယ်လီစကုပ်သည် စကြဝဠာ၏ပထမဆုံး ကြယ်စုများဖြစ်နိုင်သည့် ရှေးဟောင်းကြယ်စု ၇၀၀ ကျော်ကို ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

ဂျိမ်းစ်ဝက် အာကာသရေဒီယိုတယ်လီစကုပ် တွေ့ရှိထားသော စကြဝဠာရှေးဟောင်းကြယ်စုပေါင်းမှာ ၇၁၇ ခုထိရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်စု ၇၁၇ ခုတို့မှာ စကြဝဠာ စတင်ပေါ်ထွက်လာပြီး နှစ်သန်း ၆၀၀ အကြာတွင် ဖွဲ့စည်းဖြစ်ပေါ်လာသော ကြယ်စုများဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ထို့ပြင် ဂျိမ်းစ်ဝက် အာကာသရေဒီယိုတယ်လီစကုပ် တွေ့ရှိထားသော ကြယ်စု ၇၀၀ ကျော်အနက် ၉၃ ရာခိုင်နှုန်းမှာ ယခင်မတွေ့ရှိခဲ့ဖူးသည့် ကြယ်စုများဖြစ်ကြကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ကြယ်စုများအတွင်း ပေါ်ထွက်ခဲ့သော ပထမမျိုးဆက်ကြယ်များကြောင့် စကြဝဠာ၏ပထမဆုံး အလင်းရောင်များ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ ၎င်းကြယ်စုများကိုလေ့လာခြင်းဖြင့် စကြဝဠာ၏ သမိုင်းဦးကာလကို လေ့လာရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။ KKO

## နိုင်ငံတကာ အားကစားသတင်းများ

# ပီအက်စ်ဗွီအသင်းက နည်းပြပီတာဘို့ဇ်ကို နည်းပြသစ်ခန့်အပ်ကြောင်း ကြေညာ

**ပဲရစ် ဇွန် ၁၀**

ပီအက်စ်ဗွီ အသင်းသည် ဟီရန်ဗင်းအသင်းကို အိမ်ကွင်းပွဲစဉ်တွင် သုံးဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြနစ္စတယ်ရွိုင်းနှင့် နှစ်ဖက်သဘောတူလမ်းခွဲခဲ့ပြီး ယခုအခါ နစ္စတယ်ရွိုင်းနေရာတွင် နည်းပြပီတာဘို့ဇ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်းထုတ်ပြန်ကြေညာခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ နစ္စတယ်ရွိုင်းသည် ပီအက်စ်ဗွီအသင်းကို အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၂)သို့ရောက်ရှိအောင်ပို့ဆောင်ခဲ့ပြီး လာမည့်နှစ် ချန်ပီယံလိဂ် play-off ကစားခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ဟီရန်ဗင်းနှင့်ကစားခဲ့သည့်ပွဲစဉ်အပြီးတွင် အသင်းဥက္ကဋ္ဌနှင့် သဘောထားမတိုက်ဆိုင်မှုကြောင့် ထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး နှစ်ဖက်သဘောတူ လမ်းခွဲခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ပီအက်စ်ဗွီအသင်းသည် ရာသီပိတ်ပွဲစဉ်တွင် လက်ထောက်နည်းပြ ရက်တန်ကို သာတာဝန်ပေးခဲ့ပြီးနောက် လာမည့် ဇူလိုင် ၃ ရက်တွင် ရာသီသစ်အတွက် ပထမဆုံးလေ့ကျင့်ရေးအစီအစဉ် စတင်မည်ဖြစ်သောကြောင့် လေ့ကျင့်ရေးအစီအစဉ် မစတင်မီ နည်းပြသစ်ရှာဖွေခဲ့ရာ လိုင်ယွန်အသင်း နည်းပြဟောင်း ပီတာဘို့ဇ်ကို နည်းပြသစ်အဖြစ် ခန့်အပ်နိုင်ခဲ့ကြောင်း သိရသည်။

ပီအက်စ်ဗွီအသင်းနှင့် နည်းပြ ပီတာဘို့ဇ်တို့ကြား သဘောတူညီချက်တွင် ဘောလုံးရာသီ သုံးရာသီထိ စာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး နည်းပြအနေဖြင့် အသင်းမှကြိုက်နှစ်သက်ရာ ကစားသမားကို ရောင်းချနိုင်သည့် တောင်းဆိုချက်လည်းပါဝင်ခဲ့ကာ လာမည့် ဇွန် ၁၂ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပီအက်စ်ဗွီနည်းပြသစ်ပီတာဘို့ဇ်သည် အသင်းမှ အဓိက ကစားသမားများကို ထိန်းသိမ်းရန်ကြိုးပမ်းနေပြီး ကစားသမားရောင်းချမှုမှ ရရှိလာသည့်ငွေကြေးဖြင့်သာ ကစားသမားသစ်ထပ်မံခေါ်ယူရမည်ဖြစ်သော်လည်း တိုက်စစ်ပိုင်းအတွက် အော့စ်ဘတ်ကစားသမား ရီကာဒိုပက်ပီနှင့် လိဒ်ကစားသမား ဆမ်မာဗီလီတို့ကို ခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ ML



# ဇွန်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ကမ္ဘာ့အဆင့်(၅၀)နှင့် အာဆီယံအဆင့်(၄)နေရာ၌ ရပ်တည်



**ရန်ကုန် ဇွန် ၁၀**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က အမျိုးသမီးလက်ရွေးစင်အသင်းများ၏ ဇွန်လအတွက်ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့ရာတွင် အဆင့်သုံးဆင့်ထိကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့်(၅၀)နှင့် အာဆီယံအဆင့်(၄)နေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ဇွန်လအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ရမှတ် ၁၄၈၈ မှတ်သာရရှိခဲ့ပြီးနောက် ကမ္ဘာ့အဆင့်သုံးဆင့်ထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဇွန်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအရ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့အဆင့်သုံးဆင့်ထိကျဆင်းခဲ့ရသော်လည်း အာရှဇုန်တွင် အဆင့်(၁၀)နေရာတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။

ဇွန်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအရ အာဆီယံဇုန်တွင် ဗီယက်နမ်အမျိုးသမီးအသင်းက ကမ္ဘာ့အဆင့်(၃၂)ဖြင့် အာဆီယံအဆင့်(၁)၊ ထိုင်းအမျိုးသမီးအသင်းက ကမ္ဘာ့အဆင့်(၄၄)ဖြင့် အာဆီယံအဆင့်(၂)၊ ဖိလစ်ပိုင်အမျိုးသမီးအသင်းက ကမ္ဘာ့အဆင့်(၄၆)ဖြင့် အာဆီယံအဆင့်(၃)၊ မြန်မာအမျိုးသမီးအသင်းက ကမ္ဘာ့အဆင့်(၅၀)ဖြင့် အာဆီယံအဆင့်(၄)၊ လာအိုအသင်းက ကမ္ဘာ့အဆင့်(၈၇)ဖြင့် အာဆီယံအဆင့်(၅)၊ မလေးရှားအမျိုးသမီးအသင်းက ကမ္ဘာ့အဆင့်(၈၉)ဖြင့် အာဆီယံအဆင့်(၆)၊ အင်ဒိုနီးရှားအမျိုးသမီးအသင်းက ကမ္ဘာ့အဆင့်(၁၀၅)ဖြင့် အာဆီယံအဆင့်(၇)၊ ကမ္ဘောဒီးယားအမျိုးသမီးအသင်းက ကမ္ဘာ့အဆင့်(၁၁၈)ဖြင့် အာဆီယံအဆင့်(၈)၊စင်ကာပူ အမျိုးသမီးအသင်းက ကမ္ဘာ့အဆင့်(၁၃၁)ဖြင့် အာဆီယံအဆင့်(၉)နှင့် တီမောလက်စ်တေအမျိုးသမီးအသင်းက ကမ္ဘာ့အဆင့်(၁၅၆)ဖြင့် အာဆီယံအဆင့်(၁၀)နေရာတွင်ရပ်တည်ခဲ့ပြီး ဘရူနိုင်းအမျိုးသမီးအသင်းအနေဖြင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မပါဝင်သေးကြောင်း သိရသည်။ STA

# ချဲလ်ဆီးအသင်းက ဂိုးသမားအိုနာနာကို စတာလင်ပေါင် သန်း ၄၀ ဖြင့်ခေါ်ယူရန်ကမ်းလှမ်းမှု အင်တာမီလန်အသင်းငြင်းဆို

**မီလန် ဇွန် ၁၀**

ချဲလ်ဆီးအသင်းသည် အင်တာမီလန်အသင်း ဂိုးသမားအိုနာနာကို ခေါ်ယူရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိထားသဖြင့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ ဖြင့် ကမ်းလှမ်းခဲ့ရာ အင်တာမီလန်အသင်းက ငြင်းဆိုခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် အင်တာမီလန်အသင်းသည် ချန်ပီယံလိဂ်ဖိုင်နယ်ပွဲကိုသာအာရုံစိုက်ထားသဖြင့် အဓိကကစားသမားများကိုစာချုပ်သက်တမ်းတိုးခြင်းနှင့် လာမည့်ရာသီအတွက် ကစားသမားဖြည့်တင်းခြင်းကို မပြုလုပ်သေးဘဲ ချန်ပီယံလိဂ်ဖိုင်နယ်ပွဲစဉ်ပြီးဆုံးမှသာဆောင်ရွက်ရန်စီစဉ်ထားသောကြောင့် ဂိုးသမားအိုနာနာကို ချဲလ်ဆီးအသင်းက ပြောင်းရွှေ့ကြေး သန်း ၄၀ ဖြင့် တရားဝင်ကမ်းလှမ်းခဲ့ရာပယ်ချခဲ့ခြင်းဖြစ်သည်။

ဂိုးသမား အိုနာနာသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အေဂျက်အသင်းမှ အင်တာမီလန်အသင်းသို့ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့် ပြိုင်ပွဲစုံ ၄၀ ပါဝင်ကစားခဲ့ရာတွင် အမှတ်ပေးပြိုင်ပွဲတွင် ဂိုးမပေးရသည့်ပွဲ ရှစ်ပွဲနှင့် အဆင့်(၃)နေရာသို့ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ကိုပါအီတာလီယာဖလားပွဲစဉ်တွင် ဂိုးမပေးရသည့်ပွဲနှစ်ပွဲနှင့် ဆုဖလားရယူပေးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဂိုးမပေးရသည့်ပွဲရှစ်ပွဲထိရှိခဲ့ကာ ဖိုင်နယ်ပွဲစဉ်ထိပို့ဆောင်ပေး နိုင်ခဲ့သောကြောင့် ချဲလ်ဆီးအသင်းက ဦးစားပေးဂိုးသမားအဖြစ်ခေါ်ယူရန် ကာလရှည်ကြိုးပမ်းခဲ့သည်။

ချဲလ်ဆီးအသင်းသည် အသင်းမှ ဦးစားပေးဂိုးသမား ကီပါသည် လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာရန် စီစဉ်နေသည့်အပြင် ဒုတိယဦးစားပေးဂိုးသမား မန်ဒီမှာလည်း အသင်းအနေဖြင့်ပြောင်းရွှေ့ခွင့်ပြုထားသောကြောင့် လာမည့်ရာသီတွင် ဂိုးသမားလိုအပ်ချက်အတွက် အိုနာနာကိုခေါ်ယူရန် ကာလရှည်ကြိုးပမ်းခဲ့ပြီး ကစားသမားနှင့် သဘောတူညီမှုရရှိထားသော်လည်း အင်တာမီလန်အသင်းက ချဲလ်ဆီးအသင်း၏ သန်း ၄၀ ဖြင့်ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ပြီး ချန်ပီယံလိဂ် ဖိုင်နယ်ပွဲစဉ်ပြီးဆုံးမှသာ အိုနာနာ၏အပြောင်းအရွှေ့အပါအဝင် လူကာကူ၏အပြောင်းအရွှေ့ကိုပါ ဆက်လက်ဆွေးနွေးမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# လီဗာပူးကွင်းလယ်ကစားသမားကီတာ ဝါဒါဘရီမင်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိ

**လန်ဒန် ဇွန် ၁၀**

လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် ကွင်းလယ်ကစားသမားကီတာသည် ဂျာမန်ကလပ် ဝါဒါဘရီမင်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိခဲ့ပြီး သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်ဟု Bulinews.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ်ကစားသမား ကီတာသည် ခြေစွမ်းပိုင်းကောင်းမွန်သည့်ကစားသမားတစ်ဦးဖြစ်သော်လည်း လီဗာပူးအသင်းတွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်နေရသဖြင့် ၎င်းကိုခေါ်ယူလိုသည့် ဥရောပထိပ်သီးကလပ်အသင်းများက စိုးရိမ်ခဲ့သော်လည်း ဝါဒါဘရီမင်အသင်းက ကီတာ၏ခြေစွမ်းပိုင်းကို ယုံကြည်မှုရှိသောကြောင့် တစ်နှစ်လုပ်ခ ယူရို ၁ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။




အသက် ၂၈ နှစ်ရှိ ကီတာက "ကျွန်တော့်အနေနဲ့ စိန်ခေါ်မှုအသစ်တွေကိုရင်ဆိုင်ဖို့ ဝါဒါဘရီမင်အသင်းကို ပြောင်းရွှေ့ခဲ့တာပါ။ အသင်းဒါရိုက်တာ ဘာအူမန်းနဲ့ ဆွေးနွေးခဲ့ရာ အသင်းရဲ့ကစားပုံကို ရှင်းပြခဲ့ပြီး ကျွန်တော့်ကိုယုံကြည်မှုပေးခဲ့လို့ လုပ်ခလစာလျှော့ယူပြီး ပြောင်းရွှေ့ခဲ့တာပါ။ ဝါဒါဘရီမင်အသင်းဟာ အသင်းကောင်းတစ်သင်းဖြစ်တယ်ဆိုတာ ကျွန်တော်လိုက်ပ်ဇစ်အသင်းမှာ ကစားခဲ့ချိန်ကတည်းက သိထားပြီးသားပါ။ ကျွန်တော့်အနေနဲ့အသင်းကို အောင်မြင်မှုရရှိအောင် ကူညီနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

## အားကစားသတင်း အတိုအထွာများ

- ဆော်ဒီကလပ် အယ်အာလီအသင်းက မန်စီးတီးကွင်းလယ်ကစားသမား မာရက်ဇ်အား ပြောင်းရွှေ့ကြေးယူရို သန်း ၁၀၀ အပြင် အပိုဆုကြေးပါဝင်သည့် ကမ်းလှမ်းချက်များဖြင့် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။
- အင်တာမီလန်အသင်းတိုက်စစ်မှူး မာတီနက်ဇ်ကို ချဲလ်ဆီးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ကခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။
- ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းက ခံစစ်ကစားသမား အော့တမန်ဒီကို စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- မန်ယူအသင်းတိုက်စစ်မှူး ဂရင်းဝုဒ်ကို တူရကီနှင့် အီတလီကလပ်အသင်းများကခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း မန်ယူအသင်းအနေဖြင့် အငှားစာချုပ်ဖြင့်သာ ပြောင်းရွှေ့ခွင့်ပြုရန် ဆုံးဖြတ်ထားကြောင်း သိရသည်။ ML

# ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲမှဖြစ်ရပ်အတွက် ဝက်စ်ဟမ်းအသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့ကို အရေးယူရန် ယူအီးအက်ဖ်အေစွဲချက်တင်



**လန်ဒန် ဇွန် ၁၀**

ဥရောပ ဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်မှ ဖြစ်ရပ်အတွက် ဝက်စ်ဟမ်းအသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့ကို အရေးယူမှု ပြုလုပ်ရန်အတွက် စွဲချက်တင်ခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းက ဖီအိုရင်တီးနားအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဥရောပဆုဖလားဆွတ်ခူးနိုင်ခဲ့သော်လည်း ဆိုးသွမ်းသည့်ပရိသတ်များကြောင့် အရေးယူမှုခံရဖွယ်ရှိနေသည်။

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းပရိသတ်များက အရာဝတ္ထုများဖြင့် အပြန်အလှန် ပစ်ပေါက်ခဲ့ကြသကဲ့သို့ ဖီအိုရင်တီးနားအသင်းခေါင်းဆောင် ဘရာဂီသည်လက်ပစ်ဘောမြှောက်ရန်အတွက် ကွင်းဘေးသို့သွားရောက်စဉ် ဝက်စ်ဟမ်းအသင်းပရိသတ်များက အရာဝတ္ထုများဖြင့် ပစ်ပေါက်ခဲ့သည့်အတွက် ဦးခေါင်းကိုထိမှန်ခဲ့ကာ ဆေးကုသမှုခံယူခဲ့ရသည်။

ထို့ပြင် ဝက်စ်ဟမ်းအသင်းပရိသတ်များသည် ကွင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့သည့်အတွက် ဥရောပဘောလုံး အဖွဲ့ချုပ်က အဆိုပါပွဲစဉ်မှဖြစ်ရပ်များအတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်မည်ဖြစ်ပြီး ဝက်စ်ဟမ်းအသင်းအနေဖြင့် ကြီးလေးသည့်ပြစ်ဒဏ် ချမှတ်ခံရဖွယ်ရှိနေကြောင်း သိရသည်။

ထို့ပြင် အဆိုပါပွဲစဉ်မတိုင်မီကလည်း နှစ်ဖက်အသင်းပရိသတ်များ ကွင်းပြင်ပတွင်အချင်းများမှုများဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များက ၂၃ဦးထိ ဖမ်းဆီးထိန်းသိမ်းခဲ့ရကာ ဖမ်းဆီးထိန်းသိမ်းခဲ့ရသူများတွင် ဝက်စ်ဟမ်းအသင်း ပရိသတ်တစ်ဦးသာပါဝင်ပြီး ဖီအိုရင်တီးနားအသင်းပရိသတ် ၂၂ ဦးထိပါဝင်ခဲ့ကြောင်း သိရသည်။ STA

# RBC Canadian Open ပြိုင်ပွဲ အမှတ်ပေးဇယားကို ယွန်ယီချန် ဦးဆောင်

**အုတ်ဒယ် ဇွန် ၁၀**

ကနေဒါနိုင်ငံ အွန်တာရီယိုပြည်နယ် အုတ်ဒယ်မြို့တွင်ကျင်းပနေသည့် RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် တရုတ်ဂေါက်သီးရိုက်ကစားသမား ယွန်ယီချန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း The Globe and Mail သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် အာရွှန်ရိုင်၊ တိုင်ရယ်ဟက်တန်၊ ကနေဒါဂေါက်သီးရိုက်ကစားသမားကော်ရေးကွန်နာနှင့် တရုတ်(တိုင်ပေ) ဂေါက်သီးရိုက်ကစားသမား ပန်ချန်ဆန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဒုတိယနေ့တွင် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား တိုင်ရယ်ဟက်တန်က ရလဒ်အကောင်းဆုံးရခဲ့သည့် ပြိုင်ပွဲဝင်အဖြစ်ရပ်တည်ခဲ့ပြီး ဒုတိယနေ့တစ်ရက်တည်း၌ပင် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်ထိလျော့ရိုက်နိုင်ခဲ့သည်။

ယွန်ယီချန်က "ဒုတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ပုံစံဟာ ကျွန်တော့်ရဲ့ ကစားသမားဘဝ သက်တမ်းတစ်လျှောက် အကောင်းဆုံးကစားနိုင်ခဲ့တဲ့နေ့လို့သတ်မှတ်နိုင်ပါတယ်။ ရိုက်ချက်တိုင်း အဆင်ပြေခဲ့တယ်။ ပထမနေ့မှာတုန်းက သတ်မှတ်ရိုက်ချက်အတိုင်းပဲ ရိုက်နိုင်ခဲ့တယ်။ ပထမနေ့က အမှားတချို့ကိုပြင်ဆင်နိုင်ခဲ့တဲ့အတွက်လဲ ဒုတိယနေ့မှာ ရလဒ်ကောင်း ရခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Paris Diamond League ပြေးခုန်ပစ်အားကစားပြိုင်ပွဲ မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ဗြိတိန်ပြေးခုန်ပစ်မယ်ဟော့ကင်ဆန် ရွှေတံဆိပ်ရရှိ




**ပဲရစ် ဇွန် ၁၀**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Diamond League ပြေးခုန်ပစ်အားကစားပြိုင်ပွဲ၏မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ဗြိတိန်ပြေးခုန်ပစ်မယ် ဟော့ကင်ဆန်က ရွှေတံဆိပ်ဆုရရှိခဲ့ကြောင်း Diamond League က ယနေ့တွင် ဖော်ပြခဲ့သည်။

ဟော့ကင်ဆန်သည် ၁ မိနစ် ၅၅ ဒသမ ၇၇ စက္ကန့်ဖြင့် ပန်းဝင်ခဲ့ပြီး ရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့ကာ အမေရိကန်ပြေးခုန်ပစ်မယ် ဝီလ်ဆင်က ၁ မိနစ် ၅၈ ဒသမ ၁၆ စက္ကန့်ဖြင့် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ဂျမေကာပြေးခုန်ပစ်မယ် ဂေါင်လီက ၁ မိနစ် ၅၈ ဒသမ ၂၃စက္ကန့်ဖြင့် ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးခဲ့သည်။

ဟော့ကင်ဆန်သည် မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ဗြိတိန်စံချိန်သစ်ကိုရရှိခဲ့ပြီး ၎င်း၏ယခင်စံချိန်ဟောင်းကိုလည်း ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခင်စံချိန်ထက်သုည ဒသမ ၁၁ စက္ကန့် ပိုမြန်ခဲ့သည်။

ဟော့ကင်ဆန်သည် တိုကျိုအိုလံပစ် အားကစားပွဲတော်တွင်လည်း မီတာ ၈၀၀ အပြေးပြိုင်ပွဲ၌ ဗြိတိန်နိုင်ငံအတွက် ငွေတံဆိပ်ဆုကို ဆွတ်ခူးပေးနိုင်ခဲ့သည့် အပြေးမယ်တစ်ဦးလည်းဖြစ်သည်။

ဟော့ကင်ဆန်က "ကျွန်မအနေနဲ့ ဒီလောက်ထိမြန်အောင်ပြေးနိုင်လိမ့်မယ်လို့ ထင်မထားဘူး။ ဒီလောက်ထိ စံချိန်ကောင်းလိမ့်မယ်လို့လဲ မမျှော်လင့်ထားပါဘူး။ ပဲရစ်မြေမှာ ရွှေတံဆိပ်ဆုအပြင် စံချိန်သစ်ပါရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ပဲရစ်ရဲ့ရာသီဥတုက အရမ်းကောင်းတယ်။ ကွင်းတွေကလဲအရမ်းကောင်းတယ်။ ပရိသတ်တွေရဲ့အားပေးမှုကလဲ ထင်မှတ်မထားလောက်အောင် နွေးထွေးပါတယ်။ ပရိသတ်တွေကလဲ ကွင်းတစ်ကွင်းပြည့်လျှံနေတယ်။ လာမဲ့နှစ်ကျရင် သေချာပေါက် ကျွန်မပြန်လာခဲ့မယ်။ ကျွန်မအနေနဲ့ ဒီထက်ပိုပြီးမြန်မြန်ပြေးနိုင်အောင်၊ စံချိန်သစ်တွေ ထပ်မံရရှိအောင်၊ ကျန်းကျန်းမာမာ နေနိုင်အောင် ကြိုးစားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ ဂျိုကိုဗစ်နှင့် ကပ်စပါရုဒ်တို့ တက်ရောက်

**ပဲရစ် ဇွန် ၁၀**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်က စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့်လည်းကောင်း၊ နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်က ဂျာမနီတင်းနစ်ကစားသမား အလက်ဇန္ဒားဇီရက်ဖ်နှင့် လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဂျိုကိုဗစ်နှင့် အယ်ကာရက်ဇ်တို့ပွဲစဉ်တွင် ဂျိုကိုဗစ်က (၆-၃၊ ၅-၇၊ ၆-၁၊ ၆-၁) ရလဒ်ဖြင့်လည်းကောင်း၊ ကပ်စပါရုဒ်နှင့် အလက်ဇန္ဒားဇီရက်ဖ်တို့ပွဲစဉ်တွင် ကပ်စပါရုဒ်က (၆-၃ ၊ ၆-၄ ၊ ၆-၀) ရလဒ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း DAWN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်အနေဖြင့် ဗိုလ်လုပွဲစဉ်တွင်အနိုင်ရခဲ့ပါက တင်းနစ်လောကတွင် ဂရန်းစလန်းဆုဖလားအများဆုံး ဆွတ်ခူးထားသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

ကပ်စပါရုဒ် သည်လည်း အကောင်းဆုံးပုံစံ ပြသနေသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်သလို ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဦးဆုံးသော ဂရန်းစလန်းချန်ပီယံဆုဖလားကိုဆွတ်ခူးနိုင်ရန်အတွက် ပစ်မှတ်ထားနေခြင်းကြောင့် ဂျိုကိုဗစ်အတွက်ခက်ခဲသည့် ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်သည်။

ဂျိုကိုဗစ်က "အယ်ကာရက်ဇ်အနေနဲ့ ဒီရှုံးပွဲအတွက်စိတ်ပျက်နေမယ်ဆိုတာ ကျွန်တော်သိပါတယ်။ သူအကောင်းဆုံး ကစားနိုင်ခဲ့ပေမဲ့လဲ ကံတရားကကျွန်တော့်ဘက်မှာရှိနေတယ်။ ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲရဲ့ သဘောတရားအရ ပြိုင်ပွဲရဲ့ နောက်ဆုံးအဆင့်တွေမှာဆိုရင် ကြံ့ခိုင်မှုကတအားစကားပြောတယ်။ အဆင့်တွေများစွာဖြတ်သန်းခဲ့ရတဲ့အတွက် ပွဲပန်းဒဏ်ခံကြရတယ်။ အခုဒီပွဲစဉ်မှာလဲ အယ်ကာရက်ဇ်ဟာ ဒဏ်ရာပြဿနာနဲ့ရင်ဆိုင်ခဲ့ရတယ်။ ဒဏ်ရာရနေပေမဲ့လဲ အယ်ကာရက်ဇ်ဟာ ပွဲပြီးဆုံးတဲ့ထိ ကစားသွားခဲ့တာဟာ လေးစားစရာပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် တရုတ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်၍ မြန်မာအသင်း ဒုတိယအဆင့်မှထွက်ခွာခဲ့ရ

**ရန်ကုန် ဇွန် ၁၀**

အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ည ၆ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအသင်းနှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက တရုတ်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ဒုတိယအဆင့်မှထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းအနေဖြင့် သရေရလဒ်ရရှိလျှင်ပင် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သော်လည်း အာရှထိပ်သီးတရုတ်အသင်းကို ထိန်းချုပ်ကစားနိုင်ခြင်းမရှိခဲ့ဘဲ တရုတ်အသင်းက ပွဲချိန် ရှစ်မိနစ်တွင် လုဂျီယု၊ ပွဲချိန် ၃၆ မိနစ်တွင် ဂျန်းချန်ဂျင်၊ ပွဲချိန် ၄၁ မိနစ်တွင် ယူရှင်း၊ ပွဲချိန် ၆၉ မိနစ်နှင့် ၇၄ မိနစ်တွင် ရှင်းယူအီတို့က အသီးသီးသွင်းယူနိုင်ခဲ့သည့်အတွက် တရုတ်အသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောကြောင့် မြန်မာအသင်းအနေဖြင့် ဒုတိယအဆင့်မှ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုပွဲစဉ် သုံးပွဲကစားခဲ့ရာ နီပေါအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး တရုတ်(တိုင်ပေ)အသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်နှင့် တရုတ်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကာ ရမှတ်လေးမှတ်ဖြင့် တရုတ်(တိုင်ပေ)အသင်းနှင့် ရမှတ်တူညီနေခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် အုပ်စုဒုတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

STA

# အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်လျက်ရှိသော တရုတ်နိုင်ငံ



တရုတ်နိုင်ငံသည် အာရှ-ပစိဖိတ် ဒေသတွင် အမေရိကန်နှင့် မဟာဗျူဟာမြောက်ပြိုင်ဆိုင်မှုများ မြင့်တက်လာသည့်ကြား၌ ၎င်း၏အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ခြင်းနှင့် စစ်ရေးဆိုင်ရာ ဆက်ဆံရေးခိုင်မာအားကောင်းလာအောင် ဆောင်ရွက်မှုကိုပြသရန် နိုင်ငံခြားရေးမူဝါဒတစ်ရပ်အနေဖြင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်လျက်ရှိသည်။ အရေးကြီးသောအချိန်များတွင် အိမ်နီးချင်းနိုင်ငံအချို့သည် အမေရိကန်ဘက်မှ ရပ်တည်ကာ တရုတ်နိုင်ငံကို ဆန့်ကျင်လာနိုင်သည့်အလားအလာသည် တရုတ်၏ အဓိက စိုးရိမ်ပူပန်မှုပင်ဖြစ်သည်။

တရုတ်၏ ကုန်းမြေနှင့် ပင်လယ်ရေကြောင်းပတ်ပတ်လည်တွင် နိုင်ငံ ၂၀ ခန့် ဝိုင်းရံလျက်ရှိသော်လည်း တရုတ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံမှအပ ကတိကဝတ်ပြုထားသည့် တိုင်းပြည်များမရှိသေးပေ။ ထိုအတောအတွင်း အမေရိကန်သည် အာရှ-ပစိဖိတ်ဒေသနှင့် အလှမ်းကွာဝေးသော်လည်း တရုတ်၏နယ်စပ်များအနီးတွင် မဟာမိတ်နိုင်ငံများစွာရှိနေသည်။

မကြာသေးမီအချိန်အတွင်းကပင် အမေရိကန်သည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ အဆင့်မြင့်အရာရှိကြီးများ သွားရောက်လည်ပတ်ခြင်း၊ လက်နက်ရောင်းချခြင်း၊ မဟာမိတ်များနှင့်မိတ်ဖက်နိုင်ငံများကို စစ်ရေးဆိုင်ရာအထောက်အပံ့များ ပေးအပ်ခြင်းနှင့် ကာကွယ်ရေးဆိုင်ရာ နည်းပညာတွင် ပူးပေါင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်မှုများမှတစ်ဆင့် အာရှ-ပစိဖိတ်ဒေသတွင် ၎င်း၏စစ်ရေးဆိုင်ရာတည်ရှိမှုကို တိုးမြှင့်လုပ်ဆောင်လာလျက်ရှိသည်။

သာဓကအနေဖြင့် အမေရိကန်သည် ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၁၄ ခုနှစ်၌ သဘောတူညီခဲ့သော စစ်အခြေစိုက်စခန်း ငါးခုအပြင် စစ်အခြေစိုက်စခန်းလေးခု ထပ်မံထားရှိသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထပ်မံတိုးချဲ့တည်ဆောက်သွားမည့် စစ်အခြေစိုက်စခန်းများတွင် တရုတ်(ထိုင်ပေ)အနီးရှိ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းမှ စခန်းတစ်ခုလည်း ပါဝင်မည်ဖြစ်သည်။ ထို့ပြင် အမေရိကန်သည် တပ်ဖွဲ့ဝင် ၁၇၆၀၀ ကျော်ပါဝင်သည့် အကြီးစားစစ်ရေးလေ့ကျင့်မှုကိုလည်း ဖိလစ်ပိုင်နှင့်ပြုလုပ်ခဲ့သည်။

စစ်ရေးလေ့ကျင့်မှု လုပ်ဆောင်မှုကို တုံ့ပြန်သည့်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံရှိ တရုတ်သံရုံးက အမေရိကန် စစ်အခြေစိုက်စခန်းများ တိုးချဲ့တည်ဆောက်ခြင်းသည် တရုတ်နိုင်ငံကို ဝိုင်းပတ်ပိတ်ဆို့ထိန်းချုပ်သွားရန် ရည်ရွယ်ထားသည့် တိုးချဲ့လာသော အမေရိကန်မဟာဗျူဟာကို ဖော်ညွှန်းနေကြောင်း ကန့်ကွက်ချက် ထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံ၏ အနီးအနားတွင် အမေရိကန်၏စစ်ရေးဆိုင်ရာ ဝိုင်းပတ်ပိတ်ဆို့မှု၊ စစ်အခြေစိုက်စခန်းများ တိုးမြှင့်တည်ဆောက်လာမှုနှင့်တပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားမှုတို့ကြောင့် ထိုင်ဝမ်ရေလက်ကြားတွင် တင်းမာမှုများ မြင့်တက်လာခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံက ရှုမြင်ထားရှိသည်။ အမေရိကန်သည် တရုတ်နိုင်ငံ ပတ်ပတ်လည်တွင် မဟာဗျူဟာမြောက် ပိတ်ဆို့မှုလုပ်ဆောင်သွားရေး အိမ်နီးချင်းနိုင်ငံများကို လှည့်ဖြားစည်းရုံးသိမ်းသွင်းဆောင်ရွက်လျက်ရှိသည်ဟု တရုတ်နိုင်ငံက ရှုမြင်ထားရှိသည်။

တရုတ်နိုင်ငံကို စစ်ရေးအရ ဝိုင်းပတ်ပိတ်ဆို့ရေး အမေရိကန်၏ကြိုးပမ်းမှုများကို တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တက်ကြွစွာလုပ်ဆောင်လျက်ရှိသည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှုများသည် တရုတ်နိုင်ငံကို ၎င်း၏အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုနီးကပ်လာစေသည့် သံခင်းတမန်ခင်းဆိုင်ရာလက်နက်တစ်ရပ်အဖြစ် အထောက်အကူပြုလျက်ရှိသည်။ သာဓကတစ်ရပ်အနေဖြင့် တရုတ်နိုင်ငံသည် Aman Youyi ဟုခေါ်သည့် နိုင်ငံပေါင်းစုံပါဝင်သောစစ်ရေးလေ့ကျင့်မှုတစ်ရပ်ပြုလုပ်သွားရန်ရှိသည်။ Aman Youyi သည် မလေးဘာသာစကား "ငြိမ်းချမ်းမှု" နှင့် တရုတ်ဘာသာစကား "ချစ်ကြည်ရင်းနှီးမှု"တို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ Aman Youyi စစ်ရေးလေ့ကျင့်မှုတွင် အရှေ့တောင်အာရှ ငါးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်တို့ပါဝင်မည်ဖြစ်ပြီး ယခုနှစ် နှစ်ကုန်ပိုင်းတွင် ပြုလုပ်သွားမည်ဖြစ်သည်။ စစ်ရေးလေ့ကျင့်မှုများပြုလုပ်မည့် ရက်၊ နယ်ပယ်နှင့်သဘောသဘာဝတို့ကို ဆွေးနွေးနေဆဲပင်ဖြစ်သည်။

အမေရိကန်သည် အာရှ-ပစိဖိတ်ဒေသတွင် ၎င်း၏မဟာမိတ်များဖြစ်သည့် ဖိလစ်ပိုင်၊ ဂျပန်၊တောင်ကိုရီးယားတို့နှင့် စစ်ရေးလေ့ကျင့်မှုများ တိုးမြှင့်လုပ်ဆောင်လာမှုအပေါ် တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် ကြိုးပမ်းလျက်ရှိကြောင်း တရုတ်နိုင်ငံပိုင်သတင်းစာ ဂလိုဘယ်တိုင်းသတင်းစာက ဖော်ပြသွားသည်။

တရုတ်နိုင်ငံ၏ စစ်ရေးမဟာဗျူဟာတွင် နိုင်ငံတကာ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ပြည်ပနိုင်ငံများတွင် စစ်အင်အားအသုံးပြုမှုအစိတ်အပိုင်းတစ်ရပ်အဖြစ်ရှုမြင်ထားပြီး မဟာဗျူဟာမြောက်တွေးခေါ်မြော်မြင်တတ်သူများက စစ်ပွဲမဟုတ်သော စစ်ဘက်ဆိုင်ရာလုပ်ဆောင်ချက်များဖြစ်သည်ဟု ခေါ်ဆိုလျက်ရှိသည်။ ထို့ကြောင့် နှစ်နိုင်ငံနှင့်နိုင်ငံပေါင်းစုံ ပါဝင်သော စစ်ရေးလေ့ကျင့်မှုများကို ကမ္ဘာလုံးဆိုင်ရာစင်မြင့်၌ Hard Power ကို ပျော့ပျောင်းညင်သာစွာ အသုံးပြုခြင်းဖြစ်သည်ဟု ရည်ညွှန်းပြောဆိုလျက်ရှိသည်။

တရုတ်နိုင်ငံ၏ စစ်ရေးဆိုင်ရာမဟာဗျူဟာနှင့် သဘောတရားဆိုင်ရာ စစ်ရေးမဟာဗျူဟာသိပ္ပံဌာနက နိုင်ငံခြားတပ်မတော်များနှင့်ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခြင်းသည် မိတ်ဆွေနိုင်ငံများနှင့် အပြန်အလှန်နားလည်မှု နက်ရှိုင်းလာစေရန်နှင့် နိုင်ငံရေးဆိုင်ရာ အပြန်အလှန်နားလည်မှုနှင့် စစ်ရေးဆိုင်ရာ ယုံကြည်မှု မြှင့်တင်သွားရန်ဖြစ်ကြောင်း အလေးထား ဖော်ပြလျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု လုပ်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ် မေလတွင် LPAF Kommadam Academy ၌ လာအိုပြည်သူ့တပ်မတော် (LPAF) နှင့် Friendship Shield 2023 ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုများသည် အပြန်အလှန်ယုံကြည်မှုနက်ရှိုင်းစေရန်နှင့် နှစ်နိုင်ငံတပ်မတော်များကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း တရုတ်အရာရှိကြီးတစ်ဦးက အလေးထား ပြောကြားသွားသည်။

ထို့ပြင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် Beibu Gulf တွင် ဗီယက်နမ်နှင့် ပူးတွဲကင်းလှည့်မှုများလုပ်ဆောင်ခဲ့ရာ နှစ်နိုင်ငံပင်လယ်ရေကြောင်းဆိုင်ရာ တရားဥပဒေစိုးမိုးရေး အေဂျင်စီများမှ ဝါရင့်ခေါင်းဆောင်များကြား တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်နိုင်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ဧပြီလနှောင်းပိုင်းကလည်း စင်ကာပူနှင့်ပူးတွဲပင်လယ်ရေကြောင်းစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့သည်။ အရှေ့တောင်အာရှတွင် ၎င်း၏စစ်ရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုမြှင့်တင်သွားရေးဆိုသော တရုတ်နိုင်ငံ၏ ကြိုးပမ်းမှုများနှင့်အညီ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံသည် မတ်လနှင့် ဧပြီလအစောပိုင်းတွင် Golden Dragon 2023 ဟုခေါ်ဆိုသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ကမ္ဘောဒီးယားနိုင်ငံနှင့် ပြုလုပ်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသည် သမိုင်းကြောင်းအရ တရုတ်နှင့်ခိုင်မာသော ဆက်ဆံရေးရှိသည့် နိုင်ငံများအနက်မှ တစ်နိုင်ငံပင်ဖြစ်သည်။

PLA တောင်ပိုင်းစစ်နယ်ဝန်း ဒုတိယအကြီးအကဲ ရေတပ်ဒုတိယဗိုလ်ချုပ်ကြီး ဝေဝမ်ချူးက တရုတ်-ကမ္ဘောဒီယား ပူးတွဲစစ်ရေးလေ့ကျင့်မှုများသည် နှစ်နိုင်ငံ တပ်မတော်များကြား အပြန်အလှန်သွားရောက်လည်ပတ်မှုများ၊ အပြန်အလှန် လေ့လာသင်ယူမှုနှင့် ပူးတွဲလေ့ကျင့်မှုတို့အတွက် အရေးပါသောပလက်ဖောင်းအဖြစ် အထောက်အကူပြုလျက်ရှိကြောင်း၊ ချစ်ကြည်ရင်းနှီးမှုနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်မှုရရှိရေးအတွက်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း အလေးထား ပြောကြားခဲ့သည်။

**❖ PLA တောင်ပိုင်းစစ်နယ်ဝန်း ဒုတိယအကြီးအကဲ ရေတပ်ဒုတိယဗိုလ်ချုပ်ကြီး ဝေဝမ်ချူးက တရုတ်-ကမ္ဘောဒီယား ပူးတွဲစစ်ရေးလေ့ကျင့်မှုများသည် နှစ်နိုင်ငံတပ်မတော်များကြား အပြန်အလှန်သွားရောက်လည်ပတ်မှုများ၊ အပြန်အလှန် လေ့လာသင်ယူမှုနှင့် ပူးတွဲလေ့ကျင့်မှုတို့အတွက် အရေးပါသောပလက်ဖောင်းအဖြစ် အထောက်အကူပြုလျက်ရှိကြောင်း၊ ချစ်ကြည်ရင်းနှီးမှုနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်မှုရရှိရေးအတွက်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း အလေးထားပြောကြားခဲ့သည်။ ❖**

တရုတ်နိုင်ငံသည် စစ်ရေးဆိုင်ရာလေ့ကျင့်မှု ရည်ရွယ်ချက်များ၊ စစ်ရေးဆိုင်ရာစွမ်းဆောင်ရည်များ တိုးတက်အောင်ဆောင်ရွက်ခြင်း၊ တိုက်ပွဲဝင်အသင့်ဖြစ်မှုနှင့် ကြိုတင်ပြင်ဆင်ခြင်း၊ လက်နက်အသစ်အဆန်းများ စမ်းသပ်ခြင်းတို့အပြင် နိုင်ငံခြားရေးမူဝါဒ ရည်မှန်းချက်များ အကောင်အထည်ဖော်ခြင်းစသည့် ကျယ်ပြန့်သော အကြောင်းပြချက်များစွာဖြင့် စစ်ရေးဆိုင်ရာလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထိုင်ဝမ်ရေလက်ကြားတွင် တင်းမာမှုမြင့်တက်လျက်ရှိသောကြောင့် တရုတ်နိုင်ငံ၏အဓိကရည်မှန်းချက်သည် ၎င်း၏အိမ်နီးချင်းများအနေဖြင့် အမေရိကန်နှင့်မဟာမိတ်ဖွဲ့ကာ တရုတ်နိုင်ငံကိုဆန့်ကျင်မှုလုပ်ဆောင်မလာစေရန်ဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ အပါအဝင် သံခင်းတမန်ခင်း အစီအမံများမှတစ်ဆင့် ၎င်း၏မိတ်ဖက်ဆက်ဆံရေး ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်လျက်ရှိသည်။


တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ပြင်တွင် အမေရိကန်၏ လွတ်လပ်စွာရေကြောင်းသွားလာမှု တိုးမြှင့်လုပ်ဆောင်လာသည့်အချိန်၌ အရှေ့တောင်အာရှနိုင်ငံများ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် စစ်ရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများ ပိုမိုလုပ်ဆောင်လာခဲ့သည်။ ဆိုရလျှင် အရေးပေါ် အခြေအနေများတွင် အိမ်နီးချင်းနိုင်ငံများအနေဖြင့် ၎င်း၏ဘက်မှရပ်တည်မှုရှိလာစေရန်အတွက် အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ၊ သံခင်းတမန်ခင်း ထိတွေ့ဆက်ဆံမှုများ၊ နှစ်နိုင်ငံစစ်ဘက်တာဝန်ရှိသူများ အပြန်အလှန်သွားရောက်လည်ပတ်မှုများ၊ လေ့ကျင့်သင်တန်းပေးမှုများကို ပိုမိုလုပ်ဆောင်လာလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- **China's Joint Military Drills With Southeast Asian Nations by The Diplomat.**

**ဝင်းဇင်(သုတေသန)**

# တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာ ၁၁ ဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်



**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာ ၁၁ ဦး ၏ အွန်လိုင်းပန်းချီပြပွဲကို ဇွန် ၁၂ ရက်မှ ဇွန် ၁၅ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပြခန်းမှ တာဝန်ခံ ကိုဝဏ္ဏကြည်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီ စောလှိုင်၊ ပန်းချီ တင်လှဝင်းထင်၊ ပန်းချီ လှတင်ထွန်း၊ ပန်းချီ ဌေးအောင်၊ ပန်းချီ သန်းဆိုင်၊ ပန်းချီ ပန်းကြည်၊ ပန်းချီ တင်မြ၊ ပန်းချီ စောတင့်ဝေ၊ ပန်းချီ မောင်ကျော်ခေါင်၊ ပန်းချီ တင်အောင်ထိုက်၊ ပန်းချီ ဝင်းမြတ်အောင်တို့၏ လက်ရာစုံပန်းချီကား ၅၀ ကို ပြသရောင်းချပေးသွားမည်ဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။

"ဝါရင့် ပန်းချီဆရာတွေရဲ့ လက်ရာစုံပန်းချီကား ၅၀ ကို ပြသမှာဖြစ်ပါတယ်။ အဲဒီအထဲမှာ ပန်းချီ တင်လှဝင်းထင်ရဲ့နောက်ဆုံး လက်ရာပန်းချီကားတွေလဲ ပါဝင်မှာဖြစ်သလို ပန်းချီ စောလှိုင်တို့လို ဝါရင့်ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေလဲ ပါပါမယ်။ လူကြိုက်များတဲ့ ပန်းချီ ပန်းကြည်၊ ပန်းချီ စောတင့်ဝေ၊ ပန်းချီ မောင်ကျော်ခေါင်တို့ရဲ့ ပန်းချီကားသစ်တွေလဲ ပါဝင်မယ်"ဟု ကိုဝဏ္ဏကြည်က ပြောပြသည်။

အွန်လိုင်းပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄)လက်မ၊ (၂၄×၂၄)လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ်ငါးသိန်းမှ သိန်း ၄၀ ထိရှိကြောင်း သိရသည်။

ASH

# Mayday အက်ရှင်ဇာတ်ကား၌ မင်းသား ရိုင်ယန်ရေးနိုး ပါဝင်မည်

**နယူးယောက် ဇွန် ၁၀**

Apple နှင့် Skydance ရုပ်ရှင်ကုမ္ပဏီတို့၏ အက်ရှင်စွန့်စားခန်းရုပ်ရှင်ဇာတ်ကား၌ ကမ္ဘာကျော် အက်ရှင်မင်းသား ရိုင်ယန်ရေးနိုး ပါဝင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇွန် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသား ရိုင်ယန်ရေးနိုးသည် Apple နှင့် Skydance ကုမ္ပဏီနှစ်ခုစလုံး၏ ရုပ်ရှင်ဇာတ်ကားများ၌ ယခင်ကလည်း ပါဝင်ခဲ့ဖူးသူဖြစ်သည်။

Apple နှင့် Skydance တို့၏ Mayday အမည်ရှိ စွန့်စားခန်းအက်ရှင်ဇာတ်ကားသစ်တွင် မင်းသား ရိုင်ယန်ရေးနိုးအပြင် ကက်နက်ဘရာနက်လည်း ပါဝင်မည်ဖြစ်သည်။

Mayday ဇာတ်ကားကို ဒါရိုက်တာ ဂျိုနသန်ဂိုးစတိန်းနှင့် ဂျွန်ဖရန်စစ်ဒါလေတို့က ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းတို့နှစ်ဦးကပင် တာဝန်ယူရေးသားမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကား၌ ရိုင်ယန်ရေးနိုးနှင့် ကက်နက်ဘရာနက်တို့ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာများနှင့် ဇာတ်လမ်း၊ ဇာတ်အိမ်ကို မသိရသေးကြောင်း သိရသည်။

အလားတူ Mayday ဇာတ်ကား ရိုက်ကူးမည့်အချိန်နှင့် ရုံတင်ပြသမည့်အချိန်တို့ကိုလည်း Apple နှင့် Skydance တို့က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

KKO



# အဆိုတော် ကောင်းဆက်နှင့် ရွှေထိုက်တို့၏ ချစ်ခြင်းရဲ့လျှို့ဝှက်ချက်များ တေးသီချင်း MV ဇွန် ၁၅ ရက်တွင် ထွက်ရှိမည်

**ရန်ကုန် ဇွန် ၁၀**

အဆိုတော် ကောင်းဆက်နှင့် အဆိုတော်ရွှေထိုက်တို့၏ ချစ်ခြင်းရဲ့လျှို့ဝှက်ချက်များ တေးသီချင်း Music Video(MV) ဇွန် ၁၅ ရက်တွင် ထွက်ရှိမည်ဖြစ်ကြောင်း အဆိုတော် ကောင်းဆက်က ပြောပြ၍ သိရသည်။

အဆိုပါတေးသီချင်း MV အတွက် သီချင်းများကို အဆိုတော် ကောင်းဆက်က ရေးသားထားခြင်းဖြစ်ပြီး အဆိုတော် ရွှေထိုက်နှင့် စုံတွဲသီချင်းအဖြစ် သီဆိုထားခြင်းဖြစ်ကြောင်း သိရသည်။

"အသံသွင်းတာကတော့ မေလကတည်းက ပြီးခဲ့ပါပြီ။ ဒစ်ဂျစ်တယ်ပလက်ဖောင်းပေါ်ကနေ ထုတ်လွှင့်တာတော့ ဇွန် ၁၅ ရက်မှာဖြစ်ပါတယ်။ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းလေးတစ်ပုဒ်ကို ရေးဖွဲ့ထားတာပါ။ ရွှေထိုက်နဲ့ကတော့ ဟိုးအရင်တုန်းက အဖွဲ့လိုက်သီချင်းအယ်လ်ဘမ်တွေ ထွက်ဖူးပါတယ်။ စုံတွဲကတော့ ပထမဆုံးဖြစ်ပါတယ်"ဟု အဆိုတော် ကောင်းဆက်က ပြောပြသည်။



အဆိုတော် ကောင်းဆက်သည် ၁၉၈၇ ခုနှစ်ကတည်းက ဂီတလောကသို့ ရောက်ခဲ့သူဖြစ်ပြီး ၁၉၉၂ ခုနှစ်မှစတင်ကာ စိတ်ကူးနိဒါန်း၊ သူရဲကောင်းဝိညာဉ်၊ မှော်မင်းသမီး စသည့်တေးစီးရီးအယ်လ်ဘမ်များ ထွက်ရှိထားပြီး မကြာသေးမီက စရဏ တေးသီချင်းအယ်လ်ဘမ် ထွက်ရှိထားကြောင်း သိရသည်။

အဆိုတော် ရွှေထိုက်ကို အဆိုတော် ခင်ဖုန်းနှင့်တွဲကာ ရွှေထိုက် ခင်ဖုန်းအဖြစ် ၂၀၀၁ ခုနှစ်ကတည်းက ပရိသတ်အားပေးမှုများစွာရရှိခဲ့ပြီး အဆိုတော် ရွှေထိုက်၏ အချစ်နဲ့ကွာရှင်းမယ် တေးစီးရီးသည် ၂၀၁၈ ခုနှစ်က နောက်ဆုံးထွက်ရှိထားသည့် တေးစီးရီးဖြစ်ပြီး ကိုယ်တိုင်ရေး တေးသီချင်းသစ်များပါဝင်သည့် တေးအယ်လ်ဘမ်တစ်ခုလည်း ၂၀၂၁ ခုနှစ်က ထွက်ရှိထားကြောင်း သိရသည်။

ASH

# မင်းသားကြီး ဘရိုင်ယန်ခရန်စတန် အနုပညာလောကမှ အနားယူမည်ဟုပြော

**နယူးယောက် ဇွန် ၁၀**

ဟောလိဝုဒ်ရုပ်ရှင်လောက၏ ဂန္ထဝင်သရုပ်ဆောင်တစ်ဦးဖြစ်သည့် မင်းသား ဘရိုင်ယန်ခရန်စတန်သည် အနုပညာလောကမှ အနားယူမည်ဟုပြောကြားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇွန် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

မိမိအနေဖြင့် ဇနီးဖြစ်သူအတွက် အချိန်ပေးနိုင်ရန် ၂၀၂၆ ခုနှစ်မှစ၍ အနုပညာလောက သရုပ်ဆောင်အဖြစ်မှ အနားယူမည်ဖြစ်ကြောင်း ဘရိုင်ယန်ခရန်စတန်က မီဒီယာများသို့ အတည်ပြုပြောကြားထားသည်။

မင်းသားကြီး ခရန်စတန်သည် ၂၀၂၆ ခုနှစ်တွင် အနုပညာလောကမှ အနားယူပြီးနောက် ဇနီးဖြစ်သူ ရော်ဘင်ဒီးယားဒန်နှင့်အတူ ပြင်သစ်ကဲ့သို့ ပြည်ပနိုင်ငံတစ်ခုသို့ အနည်းဆုံးခြောက်လကြာ သွားရောက်နေထိုင်ရန်လည်း စီစဉ်ထားသည်။

မင်းသားကြီး ခရန်စတန်သည် အနုပညာလောကမှ အနားယူမည့် ၂၀၂၆ ခုနှစ်တွင် အသက် ၇၀ ပြည့်မည်ဖြစ်သည်။

မင်းသားကြီး ခရန်စတန်သည် Last Flag Flying၊ The Upside စသည့်ဇာတ်ကားများဖြင့် ထင်ရှားသူဖြစ်ပြီး ခရန်စတန် နောက်ဆုံးပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကားမှာ ဒါရိုက်တာ ဝက်အန်ဒါဆင်၏ Asteroid City ဇာတ်ကားဖြစ်ကြောင်း သိရသည်။

KKO



# သစ္စာဝိုင် ရုပ်သံဇာတ်လမ်းတွဲကို fortune tv မှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဇွန် ၁၀**

သစ္စာဝိုင် ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၂၄ ရက်တွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကြည်က ပြောပြ၍ သိရသည်။

သစ္စာဝိုင် ရုပ်သံဇာတ်လမ်းတွဲသည် Shwe Sandar Min ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ထုတ်လုပ်ထားသည့် ရုပ်သံဇာတ်လမ်းတွဲဖြစ်ပြီး ဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းကို မယ်ခိုင်က ရေးသားထားကြောင်း၊ ဇာတ်ညွှန်းကို မယ်ခိုင်နှင့် Sky-ward Art Team တို့က ရေးသားထားကာ ဒါရိုက်တာ ကြည်က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ ဇာတ်လမ်းတွဲတွင် အပိုင်း (၂၀)ထိ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ သိပ်ချစ်ကြတဲ့ သူငယ်ချင်းတစ်စုကြားက အဖြူရောင်မေတ္တာဖွဲ့ဇာတ်လမ်းလေးပါ။ သန့်စင်တဲ့ချစ်ခြင်းမေတ္တာတရားနဲ့ ငယ်သူတို့ဇာတ်ကြောင်းကို အသေအချာမြင်ရမှာပါ"ဟု ဒါရိုက်တာ ကြည်က ပြောပြသည်။

သစ္စာဝိုင် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဇေယျ၊ ရဲရင့်မြတ်သူ၊ ကျော်ထွန်းနေ၊ ဖုန်းသီရိကျော်၊ ပြည့်ကောင်းစုသန့်တို့အပြင် ဝါရင့်ဇာတ်ပို့ သရုပ်ဆောင် ထူးသာနှင့်အတူ အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Efforts made to produce daily food needs of Yangon Region from agriculture and livestock breeding farms




Senior General Min Aung Hlaing hears report from the Yangon Command commander.

**Nay Pyi Taw June 10**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by the entourage, the chief minister of Yangon Region, the commander of the Yangon Command and officials, inspected the implementation of Thilawa Multi-purpose Agriculture and Livestock Breeding Zone between the Yangon River and the Hmawwon Creek in Kyauktan Township in Yangon Region this morning.

First, the Senior General heard reports on implementation of Thilawa Multi-purpose Agriculture and Livestock breeding Zone, 26-mile Multi-purpose Agriculture and Livestock Breeding Zone, Shwemuyin Fishing Pond and Ngwepinle Fish Breeding Farm and fishery operations in Twantay Township, implementation and operations of multi-purpose agriculture and livestock breeding zones, distribution of fishery and livestock products into the market at reasonable prices, distribution of eggs from Thilawa Multi-purpose Agriculture and Livestock Breeding Farm to areas hit by the natural disaster at cheaper prices, agriculture and livestock breeding tasks and production in Yangon Region, production and consumption of meat and fish, agriculture and livestock breeding activities of the Yangon Command and implementation of guidance of the Chairman of the State Administration Council Prime Minister presented by Chairman Lt-Gen Nyo Saw of the Myanmar Economic Corporation, Chairman Lt-Gen San Oo of the Myanmar Economic Holding Public Company Limited, the chief minister of Yangon Region, the commander of the Yangon Command and officials.

Food and water security to be ensured by production of agriculture and livestock breeding products in the region sufficiently

After hearing the reports, the Senior General said the purpose of implementation of agriculture and livestock breeding zones in Yangon Region is to ensure food and water security and to enable the public to consume food at cheaper prices. As Yangon has a population of about eight million and the demand for meat, fish, various eggs and vegetables is very huge, it is necessary to fulfill the needs as much as possible. It was found that other states and regions including Ayeyarwady Region, Bago Region and Shan State are distributing meat, fish and eggs in Yangon Region. In addition to production costs, local residents have to buy food at high prices due to transportation costs incurred by distribution of goods from other states and regions in Yangon Region. Therefore, agriculture and livestock breeding zones are successfully implemented in Yangon Region. If daily food needs of Yangon can be produced in Yangon Region, Yangon Residents will be able to consume meat and fish abundantly at reasonable prices.



Senior General Min Aung Hlaing inspects fish breeding.

**Efforts exerted to prevent high prices of basic foodstuffs**



Senior General Min Aung Hlaing gives necessary guidance.

As the public has to buy and consume basic foodstuffs every day, the government has been exerting efforts to prevent high prices of basic foodstuffs. The government has prioritized the promotion of the economy of the state. Those who do not want to see stability and development of the country has created political crises by imposing economic sanctions and making efforts to increase prices of goods and to disrupt money circulation since the assumption of duties by the SAC. However, the government has been able to overcome the crises. It is necessary to carry out agriculture and livestock breeding tasks successfully to prevent high prices of foodstuffs. In doing so, priority should be given to boosting yields instead of expansion of agriculture and livestock breeding farms. It is important to utilize agricultural land beneficially and measures must be taken to utilize agricultural land fully. To supply meat, fish and eggs in Yangon Region sufficiently, livestock breeding tasks must be carried out systematically and crop yields must be boosted. Agriculture and livestock breeding farms must actually bring benefits for and contribute to food needs of the population of Yangon.

As agriculture and livestock breeding farms need animal feeds and fertilizer, it is necessary to produce animal feeds and natural fertilizer from raw materials available in the region. By producing animal feeds, their prices in the region will fall. Chicken eggs from Ayetharyar in Shan State (South) and duck eggs from Bago and Ayeyarwady Region are transported to Yangon. It was found that selling prices were excessively raised disproportionately to transportation costs. Responsible officials are required to take action against selling foodstuffs at excessively higher prices than reasonable ones by greedy and selfish people. It is especially necessary to boost productivity in the region and to take measures to make goods outside the region available at cheaper prices so that Yangon residents will not bear the brunt of high commodity prices. The Yangon Region government is required to supply enough food for Yangon residents but the Tatmadaw will also offer assistance. It is necessary to ensure that tasks being carried out are actually beneficial for the country.

*See Page 13*





Senior General Min Aung Hlaing hears report from the chairman of Myanmar Economic Holding Public Company Limited.

*From Page 12*

**Senior General makes inspection tours**

Then, the Senior General and party inspected the sample fish species bred in the zone and the display of eggs, Taiwan papaya, dairy products of the zone.

Afterward, the Senior General and party inspected the fish hatchery, fish breeding ponds and duck breeding in the zone and gave necessary instructions on reports of officials. Then, the Senior General viewed the display of the fish breeding process and discussed production and food sufficiency for Yangon with responsible officials. 100



Senior General Min Aung Hlaing feeds fish.



Senior General Min Aung Hlaing views chicken eggs.

# Govt. plans to increase water purification, drinking water distribution and livelihood activities in natural disaster affected areas

**Nay Pyi Taw June 10**

Water purification, drinking water distribution, and livelihood activities will be accelerated in natural disaster areas, according to reports released from the Ministry of Cooperatives and Rural Development on June 6.

In the midst of the disaster and difficulties, the Department of Rural Development under the ministry established production roads and bridges, rural water supply, rural lighting projects, green village project, rural development project, modern model village establishment project, rural economic development fund in addition to the introduction of vocational training in the 2022-2023 FY.

In doing so, the ministry is carrying out its main tasks such as cooperative development, small-scale industry, and rural infrastructure development, as well as providing agricultural and livestock-related inputs, supplying inputs including money for oilseed farming and providing solar irrigation systems, carrying out agricultural and livestock activities with the national economic promotion fund, and developing contract farming systems in cooperation with relevant departments and private entrepreneurs in accordance with the country's policies and directions. 336



Drinking water being distributed in a community.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Kamikaze ဒရုန်း Privet-82 ကို ဆက်လက်ထုတ်လုပ်ရန် ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန သဘောတူခဲ့



ရုရှားနိုင်ငံ Okoဒီဇိုင်းဗျူရိုက ထုတ်လုပ်သည့် ခေတ်မီဆန်းသစ်သော Kamikaze ဒရုန်း Privet-82 ကို ဆက်လက်ထုတ်လုပ်သွားနိုင်ရန် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သဘောတူညီမှု အတည်ပြုချက် ရရှိခဲ့ပြီဖြစ်ကြောင်း Oko ကုမ္ပဏီ ပူးတွဲပိုင်ရှင်နှင့် အထွေထွေညွှန်ကြားရေးမှူးချုပ် Vadim Zhernov က Sputnik သတင်းဌာနသို့ ဇွန် ၆ ရက်က အတည်ပြုပြောကြားခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုထားသည့် အသိအမှတ်ပြုပရိုတိုကောလ်ကို မေ ၁၉ ရက်တွင် ကျွန်တော်တို့ လက်ခံရရှိထားကြောင်း Zhernov က ပြောကြားခဲ့သည်။

ပရိုတိုကောလ်အရ ဒရုန်းကို ၁၀ ကီလိုမီတာ (၆ ဒသမ ၂ မိုင်) အကွာအဝေးတွင် စံပြုထားသော ဝန်အားတင်ဆောင်လျက် အကွာအဝေးနှင့် ပျံသန်းချိန်တို့ကို အကဲဖြတ်ဆန်းစစ်ရန် စမ်းသပ်ပျံသန်းမှုများ ပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှုများအတွင်း ဒရုန်းကို ပုံမှန်အတိုင်း ပျံသန်းမှုတစ်လျှောက်လုံး တည်ငြိမ်စွာ ထိန်းချုပ်ပျံသန်းနိုင်ကာ ပစ်မှတ်ဆီသို့ ထိုးဆင်းတိုက်ခိုက်ချိန်တွင် လှုပ်ရှားစစ်ကစားပျံသန်းခြင်း၊ အင်ဂျင်များပိတ်ခြင်းနှင့် ပြန်လည် အသက်သွင်းခြင်းတို့ကို စမ်းသပ်မှုများပြုလုပ်နိုင်ခဲ့ကြသည်။

ထို့ပြင် Silent Mode အသုံးပြု၍ ပစ်မှတ်ကို နောက်တစ်ကြိမ်တိုက်ခိုက်ခြင်းကိုပါ ပြုလုပ်နိုင်ခဲ့သည်။ ပျံသန်းရာတွင် အော်ပရေတာတစ်ဦးက အခြားတစ်ဦးသို့ ဒရုန်းအား ထိန်းချုပ်နိုင်မှုစွမ်းရည်ကို ပြသနိုင်ခဲ့ကြောင်း Zhernov က ပြောကြားခဲ့သည်။

ရန်သူက အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များကိုအသုံးပြု၍ တန်ပြန်လုပ်ဆောင်လာသောအခါတွင် ဒရုန်းသည် ၎င်း၏ ထိန်းချုပ်မှုနှင့်ဒေတာထုတ်လွှင့်မှု လမ်းကြောင်းများကို ထိန်းသိမ်းနိုင်စွမ်းရှိကြောင်း သက်သေပြခဲ့သည်။

ဤသို့သောအခြေအနေတွင် Global Navigation Satellite System (GNSS) ၏ အချက်ပြမှုများကို အကွာအဝေး ၂ ဒသမ ၅ ကီလိုမီတာတွင် ဖိဖျက်နှောင့်ယှက်နိုင်ခဲ့ပြီး ဒရုန်းသည် GNSS လမ်းညွှန်မှုမပါဘဲ ဆက်လက်ပျံသန်းလုပ်ဆောင်နိုင်ခဲ့သည်။

Privet-82 ဒရုန်းကို Loitering Munition အမျိုးအစားဟုလည်း သုံးနှုန်းထားသေးသည်။ ၎င်းသည် ကီလိုမီတာ ၃၀ ခန့်အကွာအဝေးတွင် အလေးချိန် ၄း ကီလိုဂရမ် (၁၁ ပေါင်) ကျော်ရှိသော ထိပ်ဖူးကို သယ်ဆောင်နိုင်ပြီး ရူဘယ် ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၃၀၀) ကျော်သာ ကုန်ကျမည်ဖြစ်သည်။

ရုရှား၏ Kamikaze ဒရုန်း Privet-82 များသည် စုစည်းတပ်ဖြန့်ထားသော နောက်တန်းဌာနချုပ်များမှ ရှေ့တန်းသို့ ပျံသန်းတာဝန် ထမ်းဆောင်နိုင်မည်ဖြစ်ပြီး အော်ပရေတာများသည် ရှေ့တန်းစစ်မျက်နှာရှိ ၎င်းတို့၏ထိန်းချုပ်မှုနှင့်ချိတ်ဆက်ကာ ရန်သူပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန် ညွှန်ပြနိုင်စွမ်းရှိမည်ဖြစ်ကြောင်း မေလတွင် Sputnik သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အချက်အချာနေရာမှနေ၍ အဆိုပါ Kamikaze ဒရုန်းများကို တပ်ရင်းတပ်ဖွဲ့တစ်ခုသို့ဖြစ်စေ၊ တပ်ဖွဲ့အများအပြားသို့ ဒရုန်းများကိုတစ်ပြိုင်နက်ဖြစ်စေ၊ တစ်စီးပြီးတစ်စီးဖြစ်စေ ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်ရန် စေလွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Russian Kamikaze Drone Privet-82 Secures Defense Ministry's Validation – Developer ကို ဘာသာပြန်ဆိုထားပါသည်။**

## NATO မဟာမိတ်အဖွဲ့က ဂျာမနီနိုင်ငံဦးဆောင်ပြီး လေကြောင်းစစ်ရေးလေ့ကျင့်မှုတစ်ရပ်ပြုလုပ်

ဂျာမနီနိုင်ငံဦးဆောင်ပြီး NATO မဟာမိတ်အဖွဲ့ သမိုင်းတွင် ဥရောပ၏ အကြီးဆုံးလေတပ်ဆိုင်ရာ စစ်ရေးလေ့ကျင့်မှုကို ဇွန် ၅ ရက်က စတင်နေကြောင်း ဂျာမနီနှင့် အမေရိကန် တာဝန်ရှိသူများက ဇွန် ၇ ရက်တွင် ပြောကြားခဲ့သည်။

ဂျာမနီဦးဆောင်သော Air Defender 23 သည် ဇွန် ၅ ရက်မှစတင်၍ ၁၀ ရက်ကြာကျင်းပမည်ဖြစ်ပြီး NATO နှင့် မိတ်ဖက်နိုင်ငံ ၂၅ နိုင်ငံမှ စစ်လေယာဉ်အစင်း ၂၂၀ ခန့် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အစီအစဉ်များကိုတင်ပြရာတွင် ဂျာမနီနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး Amy Gutmann က အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် သဘာဝအတိုင်း ကာကွယ်ရေးသက်သက်ဖြစ်သော်လည်း ရုရှား အပါအဝင် ကမ္ဘာ့နိုင်ငံများသို့ သတင်းစကားပေးပို့ရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

“ရုရှားသမ္မတပူတင်တို့ အပါအဝင် ကမ္ဘာ့ခေါင်းဆောင်တိုင်းက မဟာမိတ်တွေရဲ့ စုပေါင်းစွမ်းအားကို ဂရုမစိုက်မိဘူးဆိုရင် တော်တော်လေးအံ့ဩသွားမှာပါ”ဟု ရုရှားသမ္မတကိုရည်ညွှန်းပြီး အတူတကွ ထပ်တူပြုခြင်းဖြင့် ကျွန်ုပ်တို့၏ အင်အားကို တိုးပွားစေပါသည်ဟု သတင်းထောက်များကို ပြောကြားခဲ့သည်။

အဆိုပါလေ့ကျင့်မှုတွင် စစ်ဆင်ရေးနှင့် နည်းဗျူဟာအဆင့်လေ့ကျင့်မှုများ ပါဝင်မည်ဖြစ်ရာ အဓိကအားဖြင့် ဂျာမနီနိုင်ငံတွင်သာမက ချက်သမ္မတနိုင်ငံ၊ အက်စ်တိုးနီးယားနှင့်လတ်ဗီးယားနိုင်ငံတို့တွင်လည်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီစစ်ဘက်မှ ဗိုလ်ချုပ်ကြီး Ingo Gerhartz က Air Defender ကို ယူကရိန်းမှ ရုရှားနိုင်ငံကသိမ်းပိုက်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မည်သူ့ကိုမျှ ပစ်မှတ်ထားခြင်းမရှိကြောင်း၊ ကျွန်တော်တို့သည် ကာကွယ်ရေးမဟာမိတ်အဖွဲ့ဖြစ်ပြီး ယခုလေ့ကျင့်မှုကို စီစဉ်ထားသည့်အတိုင်း လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်လေတပ် အမျိုးသားအစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီး မိုက်ကယ်လိုက NATO ၏တာဝန်များသည် အလှည့်အပြောင်းတစ်ခုသို့ ရောက်ရှိနေပြီဟုပြောကြားခဲ့သည်။

“ကမ္ဘာတစ်ဝန်းက မဟာဗျူဟာအခင်းအကျင်းတွေ အထူးသဖြင့် ဥရောပမှာ အများကြီးပြောင်းလဲသွားပါပြီ”ဟု ၎င်းက ပြောဆိုခဲ့သည်။

ဤလေ့ကျင့်မှုသည် ဥရောပတွင် အမေရိကန်နိုင်ငံ၏ အမြဲတမ်းတည်ရှိမှုကို



ဖြည့်ဆည်းသွားနိုင်ရန် အာရုံစိုက်ထားပြီး အများအားဖြင့် အမေရိကတိုက်တွင် လုပ်ဆောင်နိုင်သည်ထက် ပိုမိုကြီးမားသော လေ့ကျင့်မှုများကို ပြုလုပ်နိုင်စေလိမ့်မည်ဟု မိုက်ကယ်လိုက ပြောကြားခဲ့ကြောင်း သိရသည်။

Air Defender ကို ထပ်ခါတလဲလဲပြုလုပ်လေ့ရှိသည့် ပုံမှန်လေ့ကျင့်မှုမျိုး လုပ်ရန် အစီအစဉ်မရှိသော်လည်း ယခုတစ်ကြိမ်နှင့် ပြီးမည်မဟုတ်ကြောင်း Gutmann က ပြောကြားခဲ့သည်။

လေ့ကျင့်မှုအတွင်း အရပ်ဘက် လေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အနှောင့်အယှက်ဖြစ်နိုင်ခြေနှင့်ပတ်သက်၍ မေးမြန်းရာတွင် Gerhartz က ဂျာမနီဒေသအချို့၌ ကျောင်းအားလပ်ရက်များ စတင်ချိန်တွင် ပျံသန်းမှုနှောင့်နှေးခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းများမဖြစ်စေရန် အစီအစဉ်ရေးဆွဲသူများအနေဖြင့် အစွမ်းကုန်လုပ်ဆောင်ထားကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

**NATO Plans Record German-Led Air Force Exercise ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၉၀၆၁ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က မိုးမြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၉၀၆၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ စိုက်ပျိုးရန် ခရိုင်အလိုက်လျာထားမှုအနေဖြင့် ကလေးခရိုင်တွင် ဧက ၄၈၀၊ မုံရွာခရိုင်တွင် ၆၃၄၀၇ ဧက၊ ယင်းမာပင်ခရိုင်တွင် ၃၃၀၁၆ ဧက၊ ရွှေဘိုခရိုင်တွင် ၇၂၀၅၈ ဧက၊ ရေဦးခရိုင်တွင် ဧက ၈၀၀၅၀၊ ကန့်ဘလူခရိုင်တွင် ၅၈၆၂၉ ဧက၊ စစ်ကိုင်းခရိုင်တွင် ၅၀၃၂၉ ဧက၊ ကသာခရိုင်တွင် ၉၅၁ ဧကနှင့် ကောလင်းခရိုင်တွင် ၁၄၁ ဧက စုစုပေါင်း ၃၅၉၀၆၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ မနှစ်က မိုးမြေပဲဧက ၃၇၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့တယ်။ လျာထားချက်ထက် ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ မိုးမြေပဲဧက ၃၅၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနှစ် မိုးမြေပဲစိုက်ပျိုးမှုကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ မိုးမြေပဲစိုက်ပျိုးမှုကတော့ တစ်နှစ်ထက် တစ်နှစ်တိုးချဲ့စိုက်နိုင်ပါတယ်။ ဆီထွက်သီးနှံထဲမှာ မြေပဲစိုက်ပျိုးမှုကတော့ အများဆုံးထဲပါဝင်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို သက်ဆိုင်ရာခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကော့မှူးမြို့နယ် ညောင်ထောက်ကျေးရွာတွင် စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကော့မှူး ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့မှူးမြို့နယ် ညောင်ထောက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ချေးငွေတို့ဖြင့် ဆောင်ရွက်သော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ဇွန် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းနှင့် တာဝန်ရှိသူများက ကော့မှူးမြို့နယ် ညောင်ထောက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၅၀ ဖြင့်ဆောင်ရွက်သော ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာကော်မတီဝင်များကို ဆွေးနွေးမှာကြားသည်။



ကော့မှူးမြို့နယ် ညောင်ထောက်ကျေးရွာတွင် အရှည် ၅၁၅ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ရှစ်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကြောင့် ညောင်ထောက်ကျေးရွာနေပြည်သူများ ရာသီမရွေးလမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ပြီး လူမှုစီးပွားများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တွံတေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# လင်းခေးမြို့နယ်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဘဏ္ဍာရေးသင်တန်းဆင်း

**လင်းခေး ဇွန် ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်နှင့်မြို့နယ်ရှိ ဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များကို သိရှိနားလည်စေရန်၊ စာရင်းဇယားများ ပြုစုရာတွင် တိကျမှန်ကန်စေရန်၊ အရည်အချင်းပြည့်ဝကျွမ်းကျင်ပိုင်နိုင်စေရန်နှင့် စနစ်တကျဆောင်ရွက် နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဘဏ္ဍာရေးသင်တန်းဆင်းပွဲကို ဇွန် ၉ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတက်ရောက်လာသောဝန်ထမ်း သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လင်းခေး၊ မိုင်းပန်၊ မောက်မယ်မြို့နယ်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းသင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ခရိုင်စာရင်းစစ်ရုံး၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်မှ သင်တန်းနည်းပြဆရာ၊ ဆရာမများအပြင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဘဏ္ဍာရေးဆိုင်ရာသင်ခန်းစာများ၊ ရုံးလုပ်ထုံးလုပ်နည်းများ စသည့် အသိပညာများကို ဇွန် ၅ ရက်မှ ၉ ရက်ထိ ငါးရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **အေးသူ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၀-၆-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီးများ မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်တွေမြို့ပေါ်ရှိ ဌာနဆိုင်ရာဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး



**စစ်တွေ ဇွန် ၁၀**

စစ်တွေမြို့တွင် ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကြီး ဦးထိန်လင်းတို့သည် ယနေ့နံနက်ပိုင်းတွင် မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်တွေမြို့ပေါ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းအိမ်ရာများပြုပြင်ပြီးစီးမှုနှင့်စစ်တွေမြို့ပြည်သူ့ဆေးရုံကြီးမှအထူးကုဆရာဝန်ကြီးများမြေပြင်ကွင်းဆင်း၍ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်အဖွဲ့သည် စစ်တွေမြို့ ဘောလုံးကွင်းရပ်ကွက်ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာနှင့် ပြည်တော်သာရပ်ကွက်ရှိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာတို့သို့ ရောက်ရှိကြပြီး အိမ်ရာများပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေ၊ ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်စားသောက်မှုအခြေအနေတို့ကိုမေးမြန်းကာ ဝန်ထမ်းများကို ကြက်ဥ၊ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်တော်သာရပ်ကွက်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဝန်ထမ်းအိမ်ရာနှင့်မင်းဂံရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာတို့သို့သွားရောက်၍ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့်စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် သင်ပုန်းတန်းကျေးရွာ သင်ပုန်းတန်းကျောင်းတိုက်သို့ရောက်ရှိကြပြီး စစ်တွေမြို့ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ခုတင် ၅၀ ဆံ့ စစ်တွေတိုင်းရင်းဆေးရုံမှ သမားတော်ကြီးများ မြေပြင်ကွင်းဆင်း၍ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ကျန်းမာရေးအသိပညာပေးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှုလာရောက်ခံယူကြသည့် လူနာများ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းပြီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီအလိုက်တာဝန်ရှိသူများက သဘာဝဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအမံများကိုရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက ကူညီထောက်ပံ့မှုများကို ဘေးသင့်ဒေသများနှင့် ပြည်သူများညီညွတ်မျှတစွာရရှိအောင် ထိန်းညှိဆောင်ရွက်သွားရေး၊ပြည်တွင်းပြည်ပမှလှူဒါန်းမှုများ၊ကူညီထောက်ပံ့မှုများနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည့်စွက်ဆွေးနွေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ညနေပိုင်းတွင် စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်အသုံးပြုရန် စက်မှုဝန်ကြီးဌာနဆေးဝါးစက်ရုံ(အင်းစိန်)မှထုတ်လုပ်သည့်ဆေးဝါးများကို လာရောက်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းကလက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်အလှူရှင်များက ဒုတိယအကြိမ်အလှူငွေများ ပေးအပ်လှူဒါန်း

**မန္တလေး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီးကျင်းပသည့် မိုခါမုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် စေတနာရှင်အလှူရှင်များက ဒုတိယအကြိမ်အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ခြောက်ထပ်ဆောင်အစည်းအဝေးခန်းမတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များကလှူဒါန်းသည့် စုစုပေါင်း အလှူငွေကျပ် ၁၄၇၄ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီးကျင်းပသည့် မိုခါမုန်တိုင်းဒဏ်သင့်ဒေသများ၌ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မေ ၁၆ ရက်မှ ယနေ့ထိ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေမှာ စုစုပေါင်း ငွေကျပ် ၇၈၇၆၇၈၄၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**




# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်



**ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးစဉ်။**

**နေပြည်တော် ဇွန် ၁၀**

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ပညာရေးဝန်ကြီးဌာနမှ လှူဒါန်းသော ကျောင်းသုံးပစ္စည်းနှင့် စေတနာရှင်၊အလှူရှင်များက လှူဒါန်းသည့် အခြောက်ခံစားကုန် စုစုပေါင်း ၂ ဒသမ ၃ တန်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့ထိထောက်ပံ့ရေးပစ္စည်း ၄၉၃ ဒသမ ၃ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့်ဌာနဆိုင်ရာ ဝန်ထမ်း ၃၂၇၆ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများကလက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၀**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး နယ်မြေခံတပ်ရင်း၌ ဆိတ်များမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ်ရှိ စံပြဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံတွင် ကန်စွန်း၊ ချဉ်ပေါင်၊ ဘူး၊ ဖရုံ၊ ငွေနှင်းမှို၊ မြေအစားထိုး ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်နှင့် တစ်သျှူးငှက်ပျောစိုက်ပျိုးထားရှိမှု၊ ဥစားကြက်၊ ဥစားဘဲ၊ DYL ဝက်၊ နို့စားနွားနှင့် အသားတိုးနွားမွေးမြူထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက တောင်ကုတ်တပ်နယ်နှင့် သံတွဲတပ်နယ်တို့ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များ၌ မွေးမြူထားရှိသော ဥစားကြက်၊ DYL ဝက်၊ အသားတိုးကြက်၊ ဆိတ်နှင့် ဒေသနွား မွေးမြူထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ



**ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေစဉ်။**

**နေပြည်တော် ဇွန် ၁၀**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းအဆို၊ အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာအသိပညာပေး အစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။ ထိုကဲ့သို့ သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို တပ်နယ်မှတာဝန်ရှိသူများက ဆုငွေများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

## ဇွန် ၁၀ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၃ ဦးတွေ့ရှိ

**နေပြည်တော် ဇွန် ၁၀**

ဇွန် ၉ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၇၉၀၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၃ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၁၉၆၀၄ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၈၅၂၇ ဦး |

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြမြဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ချောင်းဆုံမြို့နယ်နှင့် ခိုလမ်မြို့နယ်တို့၌ ၂၀၂၃ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲများပြုလုပ်

**နေပြည်တော် ဇွန် ၁၀**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့တွင် ချောင်းဆုံမြို့နယ် ပလဝမ်းကျေးရွာ ရွှေကျင်ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့နယ် ဟိုနောင်ကျေးရွာအုပ်စု နမ့်ဟူးဂူကျေးရွာ၌ ၂၀၂၃ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကိုအဆိုပါကျေးရွာ၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တက်ရောက်လာကြသူများအား အသီးသီးပေးအပ်ကာ ရတနာတန်းဝင်ပင်၊စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး တက်ရောက်လာကြသူများနှင့် အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**နေပြည်တော် ဇွန် ၁၀**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် ၎င်းတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့်တာဝန်ရှိသူများက ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊မျှစ်စားတော်ပဲဘူး၊ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်ပစ္စည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်စျေးထက် သက်သာစျေးနှုန်းများဖြင့်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့်ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြသည်။

ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောစျေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ ကျောက်ဖြူမြို့ အဝင် ပင်လယ်ကမ်းဘေးတစ်လျှောက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဇွန် ၁၀**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ ကျောက်ဖြူမြို့အဝင် ပင်လယ်ကမ်းဘေးတစ်လျှောက်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများခွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများခွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၀**


အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စိန်ပန်းရပ်ကွက်နေ ဝေယဉ်မော်သည် ၎င်းအသုံးပြုသည့် “Wuttyee Soe” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း ပြည်တွင်းအခွန်များဦးစီးမှူးရုံး သုံးလွှာရှိ အခွန်ဌာနတွင် အကြမ်းဖက်ဖောက်ခွဲမှုကျူးလွန်ခဲ့သည့် Brave Eagle အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို ဖမ်းဆီးရမိ




**နေပြည်တော် ဇွန် ၁၀**

၂၀၂၃ခုနှစ် ဇွန် ၅ ရက် ၁၂ နာရီ ၅ မိနစ်တွင် ကျောက်တံတားမြို့နယ် အမှတ်(၄)ရပ်ကွက် ပန်းဆိုးတန်းလမ်း ပြည်တွင်းအခွန်များဦးစီးမှူးရုံး သုံးလွှာရှိ ကုမ္ပဏီများဆိုင်ရာ အခွန်ဌာန၊ အများပြည်သူများထိုင်ရန်ပြုလုပ်ထားသည့် စတီးထိုင်ခုံများဘေးမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အခွန်ဌာနမှ ဝန်ထမ်း ငါးဦးနှင့် ပြည်သူတစ်ဦးတို့တွင် (မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများကို ဖမ်းဆီးရမိရေးအတွက် မြေပြင်သတင်းဖော်ထုတ်မှုများအရ တရားခံသည် ဇွန် ၅ ရက် နေ့လယ်ပိုင်းတွင် ပန်းဆိုးတန်းလမ်းပေါ်မှ အခွန်ဦးစီးမှူးရုံးသို့ နီညိုရောင်လက်ဆွဲအိတ်နှင့် စက္ကူဖိုင် တစ်ခုတို့ကို ကိုင်ဆောင်ကာဝင်ရောက်လာပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် တတိယထပ်ရှိ စတီးထိုင်ခုံ၌ နှစ်မိနစ်ခန့်ထိုင်၍ လက်ဆွဲအိတ်အား ထိုင်ခုံဘေးတွင် ချထားကာ အဝေးမှ ရီမုဖြင့် ဖောက်ခွဲခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ဖြစ်ပွားရာနေရာဝန်းကျင်တွင် စောင့်ကြည့်စစ်ဆေးမှုများပြုလုပ်၍ အကြမ်းဖက်သမားများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းများကို နေ့ညမပြတ် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တရားမျှတမှုကိုလိုလားပြီး အကြမ်းဖက်မှုကိုမလိုလားသည့် ပြည်သူများ၏ မျက်မြင်သတင်းပေးပို့ချက်များနှင့် မြေပြင်သတင်းစုံစမ်းရရှိချက်များအရ ဇွန် ၇ ရက် နံနက်ပိုင်းတွင် ရီမုမိုင်းဖောက်ခွဲခဲ့သည့်တရားခံသည် ကြည့်မြင်တိုင်မြို့နယ် အုန်းပင်လမ်းနှင့် ဗိုလ်သူရလမ်းပေါ်ရှိ တိုက်အမှတ်(၂၇) နှစ်လွှာ အခန်း(B)တွင် နေထိုင်ကြောင်း သိရှိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့က သွားရောက်ဖမ်းဆီးခဲ့ရာ တရားခံမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး တိုက်ခန်းအတွင်း လက်ပစ်ဗုံး လေးလုံး၊ လက်လုပ်ဗုံး တစ်လုံး၊ တရားခံအသုံးပြုခဲ့သည့် အင်္ကျီနှင့် ပုဆိုးတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံသည် အဆိုပါတိုက်ခန်းကို အိမ်ခြံမြေပွဲစားမှတစ်ဆင့် ၂၀၂၃ ခုနှစ် ဧပြီလမှ ဇူလိုင်လထိ တစ်လလျှင် နှစ်သိန်းခွဲကျပ်ဖြင့် ငှားရမ်းနေထိုင်ခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့က ဇွန် ၈ ရက် ညနေပိုင်းတွင် ငှားရမ်းနေထိုင်သူ **အောင်မြင်သူ(ခ)အောင်လှိုင်ဝင်း**ကို ၎င်းနေထိုင်သည့် စမ်းချောင်းမြို့နယ် မြေနီကုန်းတောင်ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **အောင်မြင်သူ(ခ) အောင်လှိုင်ဝင်း**၏ ထွက်ဆိုချက်အရ





၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်တွင် အလုံမြို့နယ်အုပ်ချုပ်ရေးမှူးရုံးကို လက်လုပ်မိုင်းဖြင့်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ယင်းနေ့ညနေပိုင်းတွင် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်ရှိ အောင်သပြေ(၃)ဟိုတယ် အခန်းအမှတ်(၂၁၇)တွင် ပြည်တွင်းအခွန်များဦးစီးမှူးရုံး၌ ရီမုမိုင်းထောင်ဖောက်ခွဲခဲ့သည့် တရားခံ**အောင်မြင့်မြတ်(ခ)ပြည့်ဖြိုးအောင်(ခ)Moodနှင့် ခနနောင်ဝင်း (ခ)ရှိုင်းထက်ကိုကို(ခ) Roke** တို့နှစ်ဦးကို





၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် ဗဟိုလမ်းရှိ စမ်းချောင်းမြို့နယ်တရားရုံးအား လက်လုပ်မိုင်းဖြင့်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **အောင်မြင်သူ(ခ) အောင်လှိုင်ဝင်း**၏ ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်းတွင် လှိုင်မြို့နယ် (၃)ရပ်ကွက် တိုက်အမှတ်(၁၀) အခန်း(၇)၌ တရားခံ **ကျော်စည်သူ(ခ) Jack** အား ဖမ်းဆီးရမိခဲ့ပြီး **ကျော်စည်သူ(ခ) Jack** ၏ ထွက်ဆိုချက်အရ ဇွန် ၉ ရက် ညနေပိုင်းတွင် ဒေါပုံမြို့နယ် သဘော်ကျင်း(၈)လမ်းအထက် တိုက်အမှတ်(၇၂) အခန်းအမှတ်(3A)တွင်



၂၀၂၃ခုနှစ် ဇွန် ၇ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် အုန်းပင်လမ်းနှင့် ဗိုလ်သူရလမ်းပေါ်ရှိ တိုက်အမှတ်(၂၇) နှစ်လွှာ အခန်း(B)၌ သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်လုပ်ငန်းများတွင် ပါဝင်သော တရားခံ**အောင်စန့်ပိုင်(ခ)ဝီလီယံ**ကို ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် လက်လုပ်မိုင်းဖောက်ခွဲခဲ့သည့် တရားခံ ကျား ငါးဦးနှင့်အတူ လက်ပစ်ဗုံး လေးလုံး၊ လက်လုပ်ဗုံး တစ်လုံးတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရာခံများ၏ ထွက်ဆိုချက်အရ တရားခံ**အောင်မြင်သူ(ခ)အောင်လှိုင်ဝင်း**သည် ၂၀၂၂ ခုနှစ် ဇွန်လဒုတိယပတ်တွင် Dark Shadow အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဖမ်းဆီးရန်ကျန်တရားခံ **ချမ်းငြိမ်းသူ(ခ)ပန်ဒါ**က အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန်အတွက် STF အဖွဲ့မှ ဖမ်းဆီးရန်ကျန်တရားခံ **နွေနွေ၊ ယသော်**တို့နှင့် ချိတ်ဆက်ပေးခဲ့ကြောင်း၊ ၎င်းတို့က ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သည့် လက်နက်၊ ခဲယမ်းနှင့် ငွေကြေးများ ထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

၂၀၂၂ ခုနှစ် ဇူလိုင်လပထမပတ်တွင် ဖမ်းဆီးရန်ကျန်တရားခံ **နွေနွေ**၏ ခိုင်းစေမှုဖြင့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် Brave Eagle အမည်ခံအကြမ်းဖက်အဖွဲ့ကို **အောင်မြင်သူ(ခ)အောင်လှိုင်ဝင်း** ခေါင်းဆောင်၍ **ကျော်စည်သူ(ခ)Jack၊ ခနနောင်ဝင်း(ခ)ရှိုင်းထက်ကိုကို (ခ)Roke၊ အောင်မြင့်မြတ် (ခ)ပြည့်ဖြိုးအောင် (ခ)Mood၊ အောင်စန့်ပိုင်(ခ)ဝီလီယံ**တို့ အပါအဝင် အဖွဲ့ဝင် ကိုးဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ Brave Eagle အမည်ခံ အကြမ်းဖက်အဖွဲ့အနေဖြင့် ရန်ကုန်မြို့နယ်အတွင်း၌ အကြမ်းဖက်ဖောက်ခွဲမှု ခုနစ်ကြိမ်ဆောင်ရွက်ခဲ့ကြောင်း-

- ➤ ၂၀၂၂ခုနှစ် ဇူလိုင် ၇ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ**နွေနွေ**၏ စေခိုင်းမှုဖြင့် **အောင်မြင်သူ(ခ) အောင်လှိုင်ဝင်း**က အလုံမြို့နယ်အုပ်ချုပ်ရေးမှူးရုံးအား လက်လုပ်မိုင်းဖြင့်ဖောက်ခွဲရာတွင် **အောင်မြင့်မြတ်(ခ)ပြည့်ဖြိုးအောင် (ခ)Mood**နှင့် **ခနနောင်ဝင်း (ခ)ရှိုင်းထက်ကိုကို (ခ) Roke** တို့က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ➤ ဇူလိုင် ၁၂ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **နွေနွေ**၏ စေခိုင်းမှုဖြင့် **ကျော်စည်သူ(ခ)Jack**က စမ်းချောင်းမြို့နယ် မြေနီကုန်းမီးပွိုင့် ယာဉ်ထိန်းရဲရုံးအနီး ရီမုမိုင်းဖြင့် ဖောက်ခွဲရာတွင် **အောင်မြင်သူ (ခ)အောင်လှိုင်ဝင်း၊ အောင်မြင့်မြတ် (ခ)ပြည့်ဖြိုးအောင် (ခ)Moodနှင့် ခနနောင်ဝင်း (ခ)ရှိုင်းထက်ကိုကို(ခ) Roke** တို့က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ➤ ဇူလိုင် ၁၅ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **ချမ်းငြိမ်းသူ(ခ)ပန်ဒါ**၏ စေခိုင်းမှုဖြင့် **အောင်မြင်သူ(ခ)အောင်လှိုင်ဝင်း**နှင့် **ကျော်စည်သူ(ခ) Jack** တို့နှစ်ဦးသည် စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် ဗဟိုလမ်းရှိ စမ်းချောင်းမြို့နယ်တရားရုံးကို

**စာမျက်နှာ ၂၃ သို့**





၂၀၂၂ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် တောင်ဥက္ကလာပမြို့နယ် မြို့နယ်လျှပ်စစ်ရုံးအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် မေ ၉ ရက်တွင် ဒဂုံမြို့နယ် ပြည်လမ်း အရှေ့ရပ်ကွက် ပြည်သူ့ရင်ပြင် ဝင်းအတွင်း၌ တွေ့ရှိခဲ့သည့် လက်လုပ်မိုင်း မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဇွန် ၅ ရက်တွင် ကျောက်တံတားမြို့နယ် (၄)ရပ်ကွက်ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးမှူးရုံး အပေါ်ထပ် သုံးလွှာ စားသောက်ဆိုင်ခုံများအနီးတွင် ရိုဗိုမိုင်းဖြင့် ဖောက်ခွဲခဲ့သည်ဖြစ်စဉ်မှ ဒဏ်ရာရရှိခဲ့သူများ မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၂ မှအဆက်**

လက်လုပ်မိုင်းဖြင့် ဖောက်ခွဲရာတွင် **အောင်မြင့်မြတ် (ခ)ပြည့်ဖြိုးအောင် (ခ)Mood၊ ခနနောင်ဝင်း (ခ)ရှိုင်းထက်ကိုကို(ခ) Roke**နှင့် **အောင်ခန့်ပိုင် (ခ)ဝီလီယံ**တို့က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

- ဩဂုတ် ၂၁ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ **ချမ်းငြိမ်းသူ(ခ)ပန်ဒါ**၏ စေခိုင်းမှုဖြင့် **ကျော်စည်သူ (ခ)Jack** သည် တောင်ဥက္ကလာပမြို့နယ် မြို့နယ်လျှပ်စစ်ရုံးကို မိုင်းထောင်ဖောက်ခွဲရာတွင် **အောင်မြင်သူ(ခ) အောင်လှိုင်ဝင်း**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ **ချမ်းငြိမ်းသူ (ခ)ပန်ဒါ**၏ စေခိုင်းမှုဖြင့် **အောင်မြင်သူ(ခ)အောင်လှိုင်ဝင်း**သည် ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနရုံး ယာဉ်ရပ်နားသည့်နေရာအား လက်လုပ်မိုင်း၊ လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲရာတွင် **အောင်မြင့်မြတ်(ခ)ပြည့်ဖြိုးအောင်(ခ)Mood၊ ခနနောင်ဝင်း (ခ)ရှိုင်းထက်ကိုကို (ခ)Roke၊ ကျော်စည်သူ (ခ)Jack**နှင့် **အောင်ခန့်ပိုင် (ခ)ဝီလီယံ**တို့မှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- မေ ၉ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ **နွေနွေ**၏ စေခိုင်းမှုဖြင့် **အောင်မြင့်မြတ် (ခ)ပြည့်ဖြိုးအောင် (ခ)Mood**သည် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ဝင်းအတွင်း၌ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့သည့်အတွက် သိမ်းဆည်းသွားခဲ့ကြောင်း။
- ဇွန် ၅ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ **နွေနွေ**၏ စေခိုင်းမှုဖြင့် **အောင်မြင့်မြတ် (ခ)ပြည့်ဖြိုးအောင် (ခ)Mood**သည် ကျောက်တံတားမြို့နယ် (၄)ရပ်ကွက် ပန်းဆိုးတန်းလမ်း ပြည်တွင်းအခွန်များဦးစီးမှူးရုံး၏ အပေါ်ထပ်သုံးလွှာ ကုမ္ပဏီများဆိုင်ရာအခွန်ဌာန အများပြည်သူများထိုင်ရန်ပြုလုပ်ထားသည့် စားသောက်ဆိုင်ခုံများဘေးတွင် ရိုဗိုမိုင်းချထားခဲ့ပြီး **ကျော်စည်သူ(ခ)Jack** က အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲရာတွင် **အောင်မြင်သူ(ခ)အောင်လှိုင်ဝင်း၊ ခနနောင်ဝင်း (ခ)ရှိုင်းထက်ကိုကို(ခ)Roke၊ အောင်ခန့်ပိုင် (ခ)ဝီလီယံ**တို့က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် စက်တင်ဘာလ တတိယပတ်တွင် ဖမ်းဆီးရမိတရားခံ **အောင်မြင်သူ (ခ)အောင်လှိုင်ဝင်း**သည် ဖမ်းဆီးရန်ကျန်တရားခံ **ချမ်းငြိမ်းသူ (ခ)ပန်ဒါ**၏ ချိတ်ဆက်ပေးမှုဖြင့် ဖမ်းဆီးရန်ကျန်တရားခံပြေး NLD ပါတီဝင်ဟောင်း **မျိုးရန်နောင်သိမ်း**ထံမှ ရန်ကုန်မြို့တွင်းအကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လက်နက်ဝယ်ယူရန် ငွေကျပ် သိန်း ၅၀ ကိုရရှိခဲ့ကြောင်း၊ ၎င်းငွေများအား ပစ္စတိုသေနတ်ဝယ်ယူရန် **ချမ်းငြိမ်းသူ(ခ)ပန်ဒါ**ထံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မိုင်းထောင်ဖောက်ခွဲမှုများ ဆောင်ရွက်ရာတွင် ဖမ်းဆီးရန်ကျန်တရားခံ**နွေနွေ**နှင့် **ချမ်းငြိမ်းသူ(ခ)ပန်ဒါ**တို့ နှစ်ဦးက ငွေကြေးထောက်ပံ့ပေးလျက်ရှိပြီး လက်လုပ်မိုင်းဖောက်ခွဲမှု တစ်ကြိမ်လျှင် ဖောက်ခွဲသူအား ငွေကျပ် တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ အခြေအနေကြည့်ရှုပေးသူအား ငွေကျပ် သုံးသောင်းနှုန်းဖြင့်လည်းကောင်း ထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



၂၀၂၃ ခုနှစ် ဇွန် ၅ ရက်တွင် ကျောက်တံတားမြို့နယ် (၄)ရပ်ကွက် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးမှူးရုံး အပေါ်ထပ် သုံးလွှာ စားသောက်ဆိုင်ခုံများအနီးတွင် ရိုဗိုမိုင်းဖြင့် ဖောက်ခွဲခဲ့သည့်မှတ်တမ်းဓာတ်ပုံ။

Brave Eagle အမည်ခံ အကြမ်းဖက်အဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ဗဟန်းမြို့နယ် Mytel တာဝါတိုင်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးတို့ကို မိုင်းထောင်ဖောက်ခွဲရန် စီစဉ်ထားရှိကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤



၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနရုံး ယာဉ်ရပ်နားသည့်နေရာတွင် လက်ပစ်ဗုံးဖြင့်ပစ်ပေါက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနရုံး ယာဉ်ရပ်နားသည့်နေရာတွင် လက်လုပ်မိုင်းဖြင့်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

0 w Hv H @

# အချိန်လွန်နောင်တ

မေမြိုးသွယ်(တွံတေးမြေ)





(၁)

သူ့အမည်က မိုးသောက်ဖြစ်သည်။ သူသည် တက္ကသိုလ်ဝင်တန်းကျောင်းသားတစ်ဦးဖြစ်ပြီး လက်ပံစုရွာသားတစ်ဦးလည်းဖြစ်လေသည်။

သူ၏မိခင်မှာ ဒေါ်အေးစိုးဖြစ်ပြီး ဒေါ်အေးစိုးသည် မိုးလင်းမှစ၍ မိုးချုပ်သည်ထိ ရွာတကာ ရွာချေးလှည့်ရောင်းရင်း မိုးသောက်၏ပညာရေးကို မျက်နှာမငယ်စေရန် ရုန်းကန်ကြိုးစားရှာဖွေကာ ကျောင်းထားပေးသည့် မိခင်ဖြစ်သည်။

"အမေ မနက်ဖြန် စာမေးပွဲအတွက် မေးခွန်းဖိုးတွေ ပေးရမယ်"

ချွေးသံတရွှဲရွှဲကြားမှာ အဝတ်လျှော်နေသော ဒေါ်အေးစိုး ကျောင်းစိမ်းဝတ်စုံဖြင့် ကျောင်းကပြန်လာလေသော သားဖြစ်သူကို လှည့်ကြည့်ပြီး-

"ဘယ်လောက်ပေးရမှာလဲ သားရဲ့"

"မေးခွန်း နှစ်စုံဖိုးဆိုတော့ ငွေ ၁၅၀၀၀ ကျမယ်အမေ"

"ဟင်"

သားဖြစ်သူ၏ စကားကြောင့် ဒေါ်အေးစိုး ခဏမျှ တွေဝေသွားပြီး-

"သားရယ် ချက်ချင်းကြီး အမေ ဘယ်လိုရှာပေးရမလဲကွယ်။ အမေ ဒီနေ့ ဈေးရောင်းတာမှ ငွေ ၅၀၀၀ ပဲရတယ် သားရယ်။ ငွေ ၁၀၀၀၀ အမေ ဘယ်လိုရှာရမလဲကွယ်"

ခပ်တိုးတိုးညည်းလိုက်သော မိခင်၏စကားကြောင့် မိုးသောက်ရင်ထဲ အလိုမကျမှုများ ဖြစ်ပေါ်လာရလေသည်။ ထို့ကြောင့် စိတ်ရှုပ်စွာဖြင့်-

"အမေတို့ကလဲဗျာ သားတစ်ယောက်ကို ဒီလောက်လေးတောင် ဖြည့်ဆည်းမပေးချင်ကြဘူးလား။ အဲဒါနဲ့များ ဘာလို့ကျောင်းဆက်ထားနေသေးလဲ"

စိတ်ပျက်သောလေသံဖြင့်ပြောလာသော သားငယ်၏စကားကြောင့် ဒေါ်အေးစိုး၏ရင်ထဲ နင့်သွားရလေသည်။ သို့သော် သားငယ်ကို သူစိတ်မဆိုးနိုင်ခဲ့ပေ။ ထို့ကြောင့် အပူရုပ်ကိုဖုံးကွယ်ပြီး-

"အေးပါသားရယ်။ အမေကြိုးစားကြည့်ပါ့အုံးမယ်"

"မြန်မြန်နော်ဗျာ"

စူစူပုပ်ပုပ်မျက်နှာထားဖြင့် အိမ်ပေါ်တက်သွားသောသားကိုကြည့်ပြီး ဒေါ်အေးစိုး သက်ပြင်းသာ ဖွဖွ ရှိုက်မိလိုက်လေသည်။ ထို့နောက် ခေါင်းကို ခါယမ်းရင်း ခပ်တိုးတိုးလေး ညည်းမိသည်က-

"အင်း ခက်တယ် သားရယ်"

မပြည့်စုံသည့်ဘဝမှာ သား၏ပညာရေးကိုတော့ ဆုံးခန်းတိုင်စေပြီး သားကို ပညာတတ် လူရည်မွန် တစ်ဦးဖြစ်စေချင်သည့် သူ့ရင်တွင်းက မေတ္တာ စေတနာကို သားငယ်အား နားလည်စေချင်မိသည်။

(၂)

ဒေါ်အေးစိုးတစ်ယောက် အိမ်အလုပ်များပြီးသည်နှင့် ရွာအလယ်ပိုင်းက ဒေါ်ဘုမအိမ်ကို သုတ်ခြေတင်ပြေးရပြန်သည်။ ညနေမိုးချုပ်လုနီးချိန်ဖြစ်သဖြင့် ယာထဲ အလုပ်သွားလုပ်သော လူတချို့ပင် ရွာထဲပြန်ဝင်လာကြပြီဖြစ်သည်။ ဒေါ်အေးစိုးတစ်ယောက် ဒေါ်ဘုမအိမ်သို့ရောက်သည့်အခါ အိမ်ရှေ့မှနေ၍ အော်ခေါ်လိုက်လေသည်။

"မဘုမ မဘုမရှိလား"

"ဟဲ့ အေးစိုး ဘာဖြစ်လာတာလဲ"

ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ကြီးဖြင့် ဒေါ်ဘုမသည် အိမ်ထဲမှထွက်လာကာ ကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်ရင်း မေးလိုက်လေရာ ဒေါ်အေးစိုးသည်လည်း ဒေါ်ဘုမ၏မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်လေသည်။

"ကျွန်မ နားကပ်လေး အပေါင်ထားချင်လို့ပါ မဘုမရယ်"

ဒေါ်အေးစိုးတစ်ယောက် စကားကိုအလောတကြီး ဆိုရင်း နားတွင်ပန်ထားသော နားကပ်လေးကို ချွတ်လိုက်လေသည်။

"ဘယ်လိုဖြစ်လာပြန်တာလဲ အေးစိုးရယ်"

ဒေါ်ဘုမ စိတ်မသက်မသာ မေးလေတော့ ဒေါ်အေးစိုးမျက်နှာမသာမယာဖြင့်-

"ကျွန်မ ငွေအတော်လိုနေလို့ပါ မဘုမရယ်"

ဒေါ်အေးစိုး၏စကားကိုကြားသည်နှင့် အပွေးမြင် အပင်သိနေသော ဒေါ်ဘုမမှာ စိတ်မသက်မသာဖြင့် သက်ပြင်းရှည်ကြီးကို ရှိုက်လိုက်ပြီး-

"အင်း အေးစိုးရယ် ကျုပ် ညည်းနဲ့ ညည်းသားအတွက် ရင်လေးလိုက်တာအေ။ ကဲ ညည်းပစ္စည်းကို ထားခဲ့။ ကျုပ် ငွေ ၃၀၀၀၀ ပေးလိုက်မယ်"

ဒေါ်ဘုမစကားအဆုံးတွင် အိမ်ပေါ်ပြန်တက်သွားလေသည်။ ခဏအကြာ ပြန်ဆင်းလာပြီး ဒေါ်အေးစိုးအရှေ့တွင် ငွေ ၃၀၀၀၀ ချပေးလာလေသည်။ ဒေါ်အေးစိုးလည်း ဒေါ်ဘုမချပေးသော ငွေ ၃၀၀၀၀ ကို ဝမ်းသာအားရ ကောက်ယူလိုက်လေသည်။

"ကျေးဇူး ကျေးဇူးတင်ပါတယ် မဘုမရယ်။ ကျွန်မ မကြာပါဘူး။ ပြန်လာရွေးမှာပါ"

"အေးပါအေ"

"ဒါဆို ကျွန်မ သွားမယ်နော် မဘုမ"

"မိုးချုပ်တော့မယ် သတိနဲ့သွားနော်"

"ဟုတ်ကဲ့"

စကားအဆုံးတွင် ဒေါ်အေးစိုးတစ်ယောက် ဒေါ်ဘုမခြံဝင်းလေးထဲမှ ခပ်သွက်သွက် ထွက်သွားလေတော့သည်။ ဒေါ်အေးစိုး ခြံဝင်းထဲမှ ထွက်သွားသည်နှင့် ဒေါ်ဘုမတစ်ယောက် ဒေါ်အေးစိုး ချွတ်ပေးခဲ့သော နားကပ်လေးကိုကြည့်ကာ သက်ပြင်းသဲ့သဲ့ကို ရှိုက်လိုက်လေတော့သည်။

"ဩော်. . . အေးစိုး အေးစိုး။ လင်ရှိတုန်းက လင်ဆိုးမယား တဖားဖား၊ လင်မရှိတော့ပြန်လဲ သားဆိုးအမေ တပေပေပါလားနော်"

ဒေါ်အေးစိုး၏သားဖြစ်သူ မိုးသောက်အကြောင်းကို သိနေသူဖြစ်၍ ဒေါ်ဘုမ ခပ်တိုးတိုးညည်းလိုက်မိလေသည်။

(၃)

မိုးသောက် သူ့အမေထံမှ ငွေကျပ် ၂၀၀၀၀ ကိုယူကာ ကျောင်းသွားဟန်ပြု၍ သူငယ်ချင်းအပေါင်းအသင်းများနှင့်အတူ ပျော်ပါးနေခဲ့လေသည်။ အမေပေးလိုက်သည့် ငွေကျပ် ၂၀၀၀၀ ကိုယူ၍ လောင်းကစားဝိုင်းတွင် အကုန်သုံးပြီး ကစားရာမှအနိုင်ရသည့်ငွေကြေးကိုယူကာ ကလပ်သို့ အပေါင်းအသင်းများနှင့်အတူ လာခဲ့လေသည်။

သူတို့အစီအစဉ်က ကလပ်တွင် ပျော်ပါးရန် သက်သက်မျှမဟုတ်ဘဲ မူးယစ်ဆေးသုံးစွဲရန်လည်း ရှိနေလေသည်။

"စိတ်တော့မကောင်းပါဘူးအမေ။ ကျွန်တော် အမေ့ဆီက ပိုက်ဆံလိမ်တောင်းပြီး ဒီနေရာထိ လာခဲ့မိလို့ပါ"

စိတ်ထဲတွင် တီးတိုးရေရွတ်ရင်း ကလပ်အတွင်းသို့ အပေါင်းအသင်းများနှင့် အတူဝင်ခဲ့လိုက်လေသည်။ ကလပ်အတွင်းရောက်လေတော့ တချို့ချိန်းထားသော ဘော်ဒါများက ရောက်နှင့်ပြီးဖြစ်သည်။ မိုးသောက်တို့အဖွဲ့ရောက်လာသည်နှင့် ကြိုရောက်နေသော ဘော်ဒါအုပ်စုမှ-

"သားကြီးတို့ လာကွာ။ ဒီမှာနတ်သမီးလေးတွေနဲ့ အပြတ်ကဲကြတာပေါ့"

"အိုကေ"

မိုးသောက်တို့သူငယ်ချင်းတစ်ဖွဲ့လုံး သောက်လိုက်၊ စားလိုက်၊ ဆေးချလိုက်ဖြင့် ၁၂ ဦးလုံး အလဲလဲ အပြိုင်ပြိုင် ဖြစ်နေကြလေသည်။

ထိုစဉ်-

"ဒီကောင် ၁၂ ယောက်လုံး လက်ထိတ်ခတ်လိုက်"

ဩဇာပါသောလူကြီးတစ်ဦး၏ စကားသံထွက်ပေါ်လာသဖြင့် မိုးသောက်ကြည့်လိုက်မိတော့ ရဲများဖြစ်နေလေသည်။ ရဲများကို တွေ့လိုက်ရသည်နှင့် ၁၂ ဦးလုံး ပြူးပြူးပြာပြာဖြစ်သွားကာ ထပြေးရန်ပြင်လိုက်ကြလေသည်။ သို့သော် သူတို့ပင် အပြင်မရောက်လိုက်ပေ။ လက်နက်ကိုင်ထားသည့်ရဲများက သူတို့ကို ဝိုင်းပြီးသား ဖြစ်နေလေသည်။

"မင်းတို့ ပြေးလဲအပိုပဲ။ ငါတို့အားလုံး မင်းတို့ကို ဝိုင်းထားပြီးပြီ"

"ဗျာ"

ရဲအရာရှိဖြစ်ဟန်တူသော ယူနီဖောင်းဝတ်လူကြီး၏စကားကြောင့် ၁၂ ဦးစလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အသာတကြည် အဖမ်းခံလိုက်ကြလေသည်။ ရဲများက သူတို့သုံးစွဲလက်စ မူးယစ်ဆေးများကို သိမ်းဆည်းပြီး မိုးသောက်အပါအဝင် အခြားလူငယ် ၁၁ ဦးကို ကလပ်အတွင်းမှ ဖမ်းဆီးခေါ်ဆောင်သွားကြလေသည်။

(၄)

"ကြီးကြီးအေးစိုး ကြီးကြီးအေးစိုး"

အမောတကော ပြေးလာသော သံလုံးကြောင့် အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ဆန်ပြာနေသော ဒေါ်အေးစိုး တစ်ယောက် ထိတ်လန့်သွားရလေသည်။

"ဟဲ့ သံလုံး ဘာဖြစ်လာတာလဲ"

ဒေါ်အေးစိုးမေးနေသည်ကို ချက်ချင်းမဖြေနိုင်သေးသော သံလုံးက အမောဖြေရင်း-

"ကြီးကြီးအေးစိုးသား မိုးသောက်လေ မိုးသောက်"

သံလုံးထံမှ မိုးသောက်လေဟူသော စကားကြောင့် ဒေါ်အေးစိုး မျက်ခုံးနှစ်ဖက် တွန့်ကျုံ့သွားရပြီး သားအတွက် ပူလောင်ခြင်းများက သူ့ရင်ထဲသို့ အရှိန်ပြင်းစွာ ဝင်ရောက်လာခဲ့ရလေသည်။

"ဟဲ့ ကောင်လေး။ ငါ့သား ငါ့သား ဘာဖြစ်လာလို့တုံး။ ငါ့ရင်တွေပူလိုက်တာ။ အမြန်ပြောစမ်းပါ"

ပူလောင်ခြင်းများစွာ၏နောက်မှာ သံလုံးက စကားကို အားယူပြောလိုက်သည်မှာ-

"ကြီးကြီးအေးစိုးသားလေ မြို့နယ်ရဲစခန်းမှာ အဖမ်းခံထားရတယ်။ မူးယစ်ဆေးသုံးစွဲမှုနဲ့"

"ဟင်. . ."

ဒေါ်အေးစိုးတစ်ယောက် သံလုံးပြောသည့် စကားများကို မကြားတစ်ချက်၊ ကြားတစ်ချက်ဖြစ်သွားရပြီး လူက နေရာတွင်သာ ပစ်ကာလဲကျသွားလိုက်ချင်သည့် စိတ်ဖြစ်သွားရလေသည်။ သူ့ရင်ထဲတွင် သားဟူသော အသိကြောင့် ယခင်ပူလောင်နေသည့်အပူထက် နှစ်ဆပိုကာ အလွန်ပူလောင်လာရလေသည်။

"ဟုတ်လို့ ဟုတ်လို့လား သံလုံးရယ်"

မယုံရဲယုံရဲမျက်နှာအနေအထားဖြင့် ထပ်မေးလာသော ဒေါ်အေးစိုး၏မေးခွန်းကြောင့် သံလုံးက ဒေါ်အေးစိုးကို ကရုဏာသက်စွာကြည့်ရင်း-

"အမှန်ပါ ကြီးကြီးရယ်။ အခု မြို့နယ်ရဲစခန်းမှာ ကိုမိုးသောက်တို့အဖွဲ့ တကယ်ပဲအဖမ်းခံထားရပါတယ်"

"ဟင်. . ."

"ကြီးကြီး"

သံလုံးစကားအဆုံးတွင် တင်းခံထားသည့် ဒေါ်အေးစိုး၏ခြေထောက်များ ခွေယိုင်ကျသွားရပြီး အသိစိတ်တို့သည်လည်း ကင်းမဲ့စွာ ပါးပြင်ပေါ်သို့ မျက်ရည်များတသွင်သွင် စီးကျနေလေသည်။ သံလုံး၏ ခေါ်သံကိုပင် မကြားနိုင်လောက်အောင် သူ့အသိစိတ်တို့သည် သူ့၏ခန္ဓာနှင့်လုံးဝေးကွာသွားလေတော့သည်။

(၅)

မိုးသောက်တို့သူငယ်ချင်းတစ်စုကို တရားရုံးက ပြစ်မှုမြောက်ကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် အမိန့်ချလေတော့ ဒေါ်အေးစိုး အရှူးမီးဝိုင်းရပြန်သည်။

"သား အမေ့သားလေး"

အမေတစ်ယောက် သားဖြစ်သူအတွက် အပူသောကကြီးနေသည်က ပြောပြစရာပင် မလိုလောက်အောင်ပင်ဖြစ်သည်။

စာမျက်နှာ ၂၅ သို့ ➤

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ကော်ဖီကို လက်ရှိတင်ပို့နေသည့်နိုင်ငံများအပြင် ဈေးကွက်သစ်များ တိုးချဲ့တင်ပို့မည်



**တောင်ကြီး ဇွန် ၁၀**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ကော်ဖီကို လက်ရှိတင်ပို့နေသည့် နိုင်ငံများအပြင် ဈေးကွက်သစ်နိုင်ငံများသို့လည်း တိုးချဲ့တင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်း(ရှမ်းပြည်နယ်)မှ ဗဟိုအလုပ်အမှုဆောင် ဦးစိုင်းထွန်းအောင်က ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ကော်ဖီ တန်ချိန် ၉၀၀၀ ကျော်ထွက်ရှိပြီး ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ ခန့် ဈေးရရှိနေကြောင်း၊ နှစ်စဉ် ဧပြီလမှ စတင်သည့်ကော်ဖီရာသီတွင် မြန်မာနိုင်ငံက ထွက်ရှိသည့်ကော်ဖီကို လက်ရှိတင်ပို့နေသည့် ပြည်ပနိုင်ငံ ၁၄ နိုင်ငံအပြင် ဈေးကွက်သစ်နိုင်ငံများသို့လည်း တိုးချဲ့တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ မြန်မာ့ကော်ဖီကို အမေရိက၊ ဥရောပနဲ့ အာရှဒေသနိုင်ငံ ၁၄ နိုင်ငံကို တင်ပို့နေပြီး ဈေးကွက်အလားအလာရှိတဲ့ နိုင်ငံတွေကိုလဲ တိုးချဲ့တင်ပို့သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက အထူးတန်းဝင်ကော်ဖီကို အမေရိကန်၊ ကနေဒါနဲ့ အီးယူနိုင်ငံတွေကိုတင်ပို့နေတာဖြစ်ပြီး အရည်အသွေးတစ်ဆင့်နိမ့်တဲ့ ကော်ဖီတွေကို ဂျပန်၊ ကိုရီးယား၊ အာဆီယံနိုင်ငံတွေနဲ့ အခြားနိုင်ငံတွေကို တင်ပို့နေတာဖြစ်ပါတယ်"ဟု ၎င်းက ပြောပြသည်။

ဈေးကွက်ဝင် မြန်မာ့ကော်ဖီများကို ပြည်ပသို့ တင်ပို့ရောင်းချသည့်ကာလမှာ နှစ်ကုန်ပိုင်းထိဖြစ်ပြီး မြန်မာ့ကော်ဖီတင်ပို့မှုမှာ နှစ်စဉ် တန်ချိန် ၄၀၀ ခန့်ရှိကာ ၂၀၁၉ ခုနှစ်က တန်ချိန် ၅၀၀ ထိ တင်ပို့နိုင်ခဲ့ကြောင်း၊ လက်ရှိ ပြည်တွင်းကော်ဖီဈေးကွက်တွင် ရှာငံ၊ ပင်လောင်း၊ ဟိုပုံး၊ မိုးကုတ်နှင့် ပြင်ဦးလွင်ဒေသထွက် အထူးတန်းဝင် မြန်မာ့ကော်ဖီများကို ယခင်နှစ်များကထက် ထိုင်းနိုင်ငံ ဝယ်လက်များက ပိုမိုစိတ်ဝင်စားလာကြောင်း သိရသည်။ ASH

# ပူတာအိုမြို့နယ် ဇီးအွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပူတာအို ဇွန် ၁၀**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးအွန်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေဝင်းက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေး ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များအား ရန်ပုံငွေကျပ် ၄၆၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းနဝမအကြိမ်အဖြစ် ပူတာအိုမြို့နယ် ဇီးအွန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၅ ဦးအတွက် ငွေကျပ် ၄၆၃ သိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထုတ်ချေးပေးခဲ့ကြောင်း ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေဝင်းက ပြောပြ၍ သိရသည်။ **သန်းလွင်(မကွေး)**



➤ စာမျက်နှာ ၂၄ မှအဆက်

သားဖြစ်သူကိုကြည့်ပြီး ရင်ထဲတွင် မချိလေသော သောကဝေဒနာများနှင့်အတူ ပါးပြင်ပေါ်သို့မျက်ရည်များ တစိမ့်စိမ့်ကျနေလေတော့သည်။

မိုးသောက်တစ်ယောက် သူ့အတွက် သောကများနေရလေသော မိခင်ကိုကြည့်ပြီး ဝမ်းနည်းလာကာ မျက်ရည်များပါးပြင်ပေါ်သို့ လိမ့်ဆင်းလာရလေသည်။

"အမေ"

သူ့အနားသို့ရောက်လာကာ ငိုရှိုက်နေသော မိခင်ကိုကြည့်ပြီး မိုးသောက်ဦးနှောက်ထဲ နောင်တဆိုသောအရာများက အလိုလိုရောက်လာခဲ့လေသည်။ ဒေါ်အေးစိုးက ချစ်ရပါသောသားငယ်၏ပါးပြင်လေးကို လက်ကလေးနှစ်ဖက်ဖြင့် ယုယစွာပွတ်သပ်ကိုင်တွယ်ရင်း-

"သား မငိုနဲ့နော်။ အမေလေ သားပြန်လာမဲ့နေ့ကို မျှော်နေမယ်နော်။ ပြီးရင်လေ အမေတို့သားမိ ကောင်းရောင်းကောင်းဝယ်လေး လုပ်စားကြမယ်နော်"

"အမေ"

မိုးသောက်တစ်ယောက် မိခင်ထံမှ ကြားလိုက်ရသောစကားကြောင့် သူဆိုးခဲ့မိုက်ခဲ့သည့် ဖြစ်ရပ်များကို တဖြည်းဖြည်း မြင်ယောင်လာကာ မိခင်ကြီးကိုဖက်၍ အားရအောင် ငိုရှိုက်မိလေသည်။

အမေ့မျက်ရည်များကို မြင်ရသည်နှင့် သူ့ကို ဘယ်သောအခါမှ အပြစ်မယူလေပဲ သူ့ကိုအပြုံးဖြင့်သာ အမြဲနှစ်သိမ့်လေ့ရှိသော မိခင်ကြီး။ သူလိုအင်ဆန္ဒကို အမြဲဖြည့်ဆည်းပေးရှာသော မိခင်ကြီး။ ထိုမိခင်ကြီး၏ မေတ္တာတရားများကို သိမြင်လာသည်နှင့်အမျှ နှလုံးသွေးကြောတို့သည် ထုံကျဉ်လာကာ သားမိုက်တစ်ယောက်၏ နောင်တနှင့်အတူ မိခင်ကိုပင် မျက်နှာမပြရဲအောင် ဖြစ်မိလေတော့သည်။

"အမေ သားနောင်တရပါပြီ အမေ။ အချိန်လွန်မှ နောင်တရခဲ့လို့ သားကိုခွင့်လွှတ်ပါအမေ"

ဆိုနှင့်နေသော အသံနှင့်အတူ သူငိုရင်း အမေ့ခြေဖဝါးတွင် မျက်နှာအပ်ကာ ကန်တော့မိလေသည်။

"သာဓု သာဓု သာဓုပါကွယ်။ အမေ့သားလေး အစစအရာရာ အဆင်ပြေပါစေ သားရယ်။ အမေခွင့်လွှတ်ပါတယ်။ မေမေ့သားလေး အမေ့ဆီပြန်လာမဲ့နေ့ကိုလဲ အမေမျှော်နေပါမယ်"

"အမေရယ်"

အမေ့မျက်ရည်ကို မြင်ရသည်နှင့် သူ့ရင်တွင် မချိသောဝေဒနာတို့က ကြီးစိုးလာခဲ့လေသည်။ ပြီးနောက် အမေ့ကိုကန်တော့ပြီး သူအချုပ်ကားပေါ် တက်ခဲ့လိုက်လေသည်။ အမေ့မှာတော့ မျက်ရည်များကြားမှ သူ့ကိုပြုံးကာ လက်ပြနေလေသည်။

အမေဆိုတာ ကျွန်တော့်ဘဝ၏ တန်ဖိုးဖြတ်မရသောသူပါအမေ၊ အချိန်လွန်မှသိခဲ့ရသောအမှားများကြောင့် သားနောင်တ အမြဲရနေမှာပါအမေ။

အချုပ်ကားကြီးက အမေ့ပုံရိပ်လေး ပျောက်ကွယ်သည်ထိ အဝေးသို့မောင်းနှင်ရင်း ထွက်ခွာခဲ့လေတော့သည်။

## မြန်မာ၏ ရောဝတီ

\- တန်ဖိုးရှိ ရောဝတီ၊
ပြည်မြန်မာ ဥစ္စာအစစ်မို့
ချစ်ကြရမည်၊
မြစ်မကောဖို့ ထိန်းသိမ်းညီ
စီးဆင်းတည် လှပရေး၊
အားလုံးဝယ် တာဝန်ထမ်းကာ
လက်ကမ်းကြလေး။

\- လှပသော ရောဝတီ၊
သောက်သုံးရေ အလုံအလောက်
ထောက်ပံ့ပေးသည်၊
စိုက်ပျိုးရေး ဖြစ်ထွန်းတည်
မြစ်နဒီက အကျိုးပြု၊
လူသားတွေ စီးပွားလမ်းကို
ပေးကမ်းသောဆု။

\- ထိန်းသိမ်းအပ် ရောဝတီ၊
မြစ်ကြောင်းကို မပျက်စီးဖို့
စည်းကမ်းထားတည်၊
ကမ်းပြိုခြင်း တားဆီးအမီ
စည်းလုံးညီ မြှတ်နိုးရေး၊
သဲသောင်တွေ ထုတ်ယူခြင်းကို
ချက်ချင်းတားပေး။

\- ကြီးမြတ်သော ရောဝတီ၊
စီးဆင်းနေ အရှိန်မပြတ်
ဂုဏ်ဒြပ်လှသည်၊
သမိုင်းကောင်း ရေးခြယ်သီ
ပေးဆပ်တည် တန်ဖိုးရှိ၊
မြန်မာ့ဂုဏ် မြန်မာ့အကျိုးကို
သယ်ပိုးနေ၏။ ။

**မောင်မျိုးချစ်(အညာမြေ)**

# ဘားအံမြို့နယ်တွင် နိုင်းကြာ-လှိုင်ဝါး ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းစစ်ဆေး

**ဘားအံ ဇွန် ၁၀**

ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဘားအံမြို့နယ် နိုင်းကြာ-လှိုင်ဝါးကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ နိုင်းကြာ-လှိုင်ဝါး ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

နိုင်းကြာ-လှိုင်ဝါးကျေးရွာချင်းဆက်လမ်းအရှည် တစ်မိုင်ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၁၁၁ ဒသမ ၃၇၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဝေပုံမြကုမ္ပဏီက ယခုနှစ်မေလတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း၏ ၆၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကျော်ဦး**

# မြန်မာလူမျိုးတို့၏ ဆေးလိပ်သောက်ခြင်းဓလေ့

ကိုကျော်စွာ(ကျိုက်ပိ)

ဆေးလိပ်သည် လူတို့၏ ကျန်းမာရေးကို ဆိုးကျိုးဖြစ်စေသည်။ ထို့ကြောင့် ကျန်းမာရေးဆိုင်ရာ ပညာရှင်များက ဆေးလိပ်မသောက်ရန် တားမြစ်ကြသည်။ ဆေးလိပ်တွင် ကင်ဆာဖြစ်စေသောဓာတ်ပေါင်းများစွာ ပါဝင်နေသည်။ ဆေးလိပ်သည် သောက်သုံးသူအတွက် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေပြီး ဆေးလိပ်ငွေ့ကို ရှူရှိုက်သူများပါ ကျန်းမာရေးကို ထိခိုက်စေသည်။ သို့သော် ဆေးလိပ်ကို လူအများသောက်သုံးနေကြသည်။ အကြောင်းမှာ ဆေးလိပ်တွင် လူသားတို့ကို စွဲလမ်းစေသော နီကိုတင်းဓာတ်တစ်မျိုး ပါဝင်နေသောကြောင့်ဖြစ်သည်။ ကျန်းမာရေးကို ထိခိုက်စေသည်ဟုသိသော်လည်း သောက်သုံးနေကြခြင်းဖြစ်သည်။ အမှန်စင်စစ် ဆေးလိပ်သည် လုံးဝမသောက်သင့်ပေ။ စာရေးသူသည် မြန်မာတို့၏ ကွမ်းစားခြင်း ဓလေ့အကြောင်းကို ရေးသားတင်ပြခဲ့ရာ ကွမ်းစားရန်အတွက် တိုက်တွန်းခြင်းမဟုတ်ပါ။ ယခု မြန်မာလူမျိုးတို့၏ ဆေးလိပ်သောက်သုံးခြင်းဓလေ့ အကြောင်းကို ရေးသားတင်ပြပါမည်။ သို့ရာတွင် ဆေးလိပ်သောက်ရန် လုံးဝတိုက်တွန်းခြင်းမဟုတ်ပါ။

**ဆေးပင်စိုက်ပျိုးခြင်း**

ဆေးလိပ်တွင်ထည့်၍သောက်သော ဆေးရွက်ပင်အကြောင်းကို ဦးစွာဖော်ပြလိုပါသည်။ ဆေးရွက်ပင်ကို အစေ့မှ စိုက်ပျိုးရသည်။ အစေ့သည် အလွန်သေးငယ်သည်။ ပထမ အစေ့ကိုပျိုးရသည်။ ပျိုးပင်များပေါက်၍ နှစ်လသားအရွယ်၌ စိုက်ပျိုးမည့်စိုက်ခင်းသို့ ပြောင်းရွှေ့ပြီး ကောက်စိုက်သကဲ့သို့ အတန်းလိုက်စိုက်ပျိုးရသည်။ စိုက်ပျိုးမြေတစ်ဧကလျှင် ဆေးရွက်ပင်ပေါင်း ၁၀၀၀၀ မှ ၁၂၀၀၀ ထိ စိုက်ပျိုးနိုင်သည်။ မျိုးကောင်းသော ဆေးရွက်ပင်များကို အရိပ်ကျရာတွင်ဖြစ်စေ၊ မိုးကာစမိုး၍ဖြစ်စေ စိုက်ပျိုးကြရသည်။ မြန်မာနိုင်ငံတွင် ဆေးရွက်ပင်ကို စစ်ကိုင်း၊ မြင်းခြံ၊ ပခုက္ကူ၊ သရက်၊ တောင်ငူ၊ ပဲခူး၊ သာယာဝတီ၊ ပုသိမ်၊ ဟင်္သာတနှင့် ကျောက်ဖြူမြို့နယ်တို့တွင် စိုက်ပျိုးကြသည်။

**ဆေးပင်အမျိုးအစားနှင့်မူရင်းဒေသ**

ဆေးလိပ်မှာ ဆေးရွက်ကြီးက အဓိကဖြစ်သည်။ ဆေးရွက်ကြီးပင်ကို ရုက္ခဗေဒအမည်အားဖြင့် "ဆော်လင်နေစီအီး"ဖြစ်ပြီး မျိုးရင်းအမည်မှာ "နစ်ကိုရှီအေးနား"ဖြစ်သည်။ သိပ္ပံအမည်မှာ "နစ်ကိုရှီအေးနားတတ်ဗာကမ်"ဖြစ်သည်။ ဆေးရွက်ကြီးပင်မျိုးစိတ်ပေါင်း ၅၀ ကျော်ရှိသည်။ အသုံးများသောဆေးပင်မျိုးမှာ (၁)နစ်ကိုရှီအေးနားရတ်စတီကာ- ၎င်းဆေးပင်သည် အမြင့် လေးပေခန့်ရှိပြီး အဝါရောင်ပွင့်သည်။ ထိုဆေးပင်၏မူရင်းဒေသမှာ မက္ကဆီကိုနိုင်ငံဖြစ်သည်။ (၂) နစ်ကိုရှီအေးနားပါစီကာ-ထိုဆေးပင်ကို ပါရှားပြည်၌သာ စိုက်ပျိုးသဖြင့် မူရင်းဒေသမှာ ပါရှားပြည်ဟု ဆိုရပေမည်။ (၃) နစ်ကိုရှီအေးနားတတ်ဗာကမ်- ထိုဆေးပင်သည် အမြင့်ပေ ခြောက်ပေမှ ခြောက်ပေအထက်တွင်ရှိတတ်သည်။ အပွင့်သည် ပန်းရောင်ဖြစ်သည်။ မူရင်းဒေသမှာ အမေရိကန်အလယ်ပိုင်းနှင့် အနောက်အိန္ဒိယကျွန်းစုတို့ဖြစ်သည်။

ဆေးပင်ကို ခရစ်နှစ် ၁၅၅၈ ခုနှစ်ခန့်က စပိန်လူမျိုးဆရာဝန်တစ်ဦးသည် ဥရောပတိုက်သို့ ပထမဆုံးယူဆောင်လာခြင်းဖြစ်သည်။ ထို့နောက် ပေါ်တူဂီနိုင်ငံရှိ ပြင်သစ်သံအမတ် "ဇန်နစ်ကို" ဆိုသူက ဆေးမျိုးစေ့ကို ပြင်သစ်ဘုရင်မအား လက်ဆောင်ပေးခဲ့ရာမှ ထိုသူ၏အမည်ကို အစွဲပြု၍ "နစ်ကိုရှီအေးနား"ဟု ခေါ်ခြင်းဖြစ်သည်။

**ဆေးလိပ်သမိုင်း**

ဆေးလိပ်သည် ကျန်းမာရေးကိုထိခိုက်စေသဖြင့် အဆိပ်လိပ်ဟုပင် ခေါ်သင့်သည်။ ဆေးလိပ်မီးခိုးငွေ့ကို လက်သည်းခွံပေါ်တင်မှုတ်ကြည့်ပါက လက်သည်းခွံပေါ်တွင် အညိုရောင်အဆီတစ်မျိုးကိုတွေ့ရပေမည်။ ၎င်းက အလွန်ပြင်းထန်သော နီကိုတင်းဖြစ်သည်။ အဆိုပါနီကိုတင်းသည် အဆိပ်ဖြစ်သော်လည်း စွဲလမ်းစေသော သဘောရှိသည်။ ထို့ကြောင့် လူတို့သည် ဆေးလိပ်ကို နှစ်ခြိုက်စွာသောက်သုံးနေကြခြင်းဖြစ်သည်။ ဥရောပအလယ်ခေတ်က ဆေးလိပ်အကြောင်းကို မသိကြသေးပေ။ နယ်မြေသစ်ရှာဖွေသူ "ကိုလံဘတ်" အမေရိကတိုက်သို့ရောက်ရှိပြီးနောက် ဥရောပ၌ ဆေးလိပ်အကြောင်းကို စတင်သိရှိလာခဲ့သည်။ အင်ဒီယန်တိုင်းရင်းသားများသည် ထိုအချိန်ကတည်းက ဆေးလိပ်သောက်ခြင်း၊ ဆေးငုံခြင်းအလေ့အထများ ရှိခဲ့ကြသည်။ သမိုင်းမတင်မီကတည်းက ၎င်းတို့၏ သင်္ချိုင်းဂူများ၌ ဆေးတံများတွေ့ရှိခဲ့သဖြင့် ဆေးလိပ်သောက်ခြင်းဓလေ့သည် သမိုင်းမတင်မီကပင် စတင်ခဲ့သည်ဟု ကောက်ချက်ချရပေမည်။

**မြန်မာလူမျိုးတို့၏ ဆေးလိပ်သောက်ခြင်းဓလေ့**

မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးခြင်းဓလေ့ကို မြန်မာသက္ကရာဇ် ၁၁၂၈ ခုနှစ်က စတင်ခဲ့သည်။ စာရေးသူတို့နိုင်ငံတွင် ဆေးလိပ်ကို ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ် စသည်ဖြင့်ပြုလုပ်သောက်သုံးကြသည်။ ဆင်ဖြူရှင်မင်းတရားသည် ဒွါရဝတီပြည်ကို အောင်တော်မူပြီးနောက် ယိုးဒယားလူမျိုးတို့၏ ငှက်ပျောဖက်ဆေးလိပ်သောက်ရှုကြသည်နှင့် မြန်မာလူမျိုးတို့လည်း စတင်သောက်သုံးကြဟန်တူသည်။ ထို့ကြောင့် မြန်မာတို့၏ ဆေးလိပ်သောက်ခြင်းဓလေ့သည် ယိုးဒယားလူမျိုးတို့မှ ဆင်းသက်လာသည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာလူမျိုးတို့သည် ဆေးလိပ်ကို ယခင်က ငှက်ပျောဖက်၊ ဒဟတ်ဖက်၊ ပြောင်းဖူးဖက်၊ သနပ်ဖက်၊ ကွမ်းသီးဖက် စသည်တို့တွင် ဆေးထည့်လိပ်ကာ သောက်ရှုလေ့ရှိကြသည်။ ရှေးယခင်က ဆေးလိပ်ကို ကတ်ကြေးဖြတ်၍ သောက်ရှုကြရသည်။ ထို့ကြောင့် ရှေးကဆေးလိပ်များသည် ယခုဆေးလိပ်များကဲ့သို့ ထိပ်ပိတ်ထားဟန်မတူပေ။ စာရေးသူတို့ မြန်မာနိုင်ငံသို့ ဆေးလိပ်အတွင်းထည့်သုံးရသောဆေးရွက်သည် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ ကျော်ခန့်က ရောက်ရှိခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ထိုအချိန်က ဆေးလိပ်မပေါ်သေးဘဲ ဆေးရွက်ကြီးကို လှီးဖြတ်၍ ဆေးတံအတွင်း ထည့်သောက်ခြင်းဖြစ်ပေမည်။

> ❖ မြန်မာလူမျိုးတို့သည် ဆေးလိပ်ကို ယခင်က ငှက်ပျောဖက်၊ ဒဟတ်ဖက်၊ ပြောင်းဖူးဖက်၊ သနပ်ဖက်၊ ကွမ်းသီးဖက် စသည်တို့တွင် ဆေးထည့်လိပ်ကာ သောက်ရှုလေ့ရှိကြသည်။ ရှေးယခင်က ဆေးလိပ်ကို ကတ်ကြေးဖြတ်၍ သောက်ရှုကြရသည်။ ထို့ကြောင့် ရှေးကဆေးလိပ်များသည် ယခုဆေးလိပ်များကဲ့သို့ ထိပ်ပိတ်ထားဟန်မတူပေ။ စာရေးသူတို့ မြန်မာနိုင်ငံသို့ ဆေးလိပ်အတွင်းထည့်သုံးရသောဆေးရွက်သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ ကျော်ခန့်က ရောက်ရှိခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ထိုအချိန်က ဆေးလိပ်မပေါ်သေးဘဲ ဆေးရွက်ကြီးကို လှီးဖြတ်၍ ဆေးတံအတွင်း ထည့်သောက်ခြင်းဖြစ်ပေမည်။ ❖

ထို့ပြင် ဆေးလိပ်ကို စတုတ္ထရတနာပူရမြို့တည်မင်းတရားကြီးလက်ထက်ကမှ ဆေးလိပ်သောက်သုံးမှုရှိခဲ့ကြောင်းကို အလုံမြို့ဝန် သပြေငါးရွာစားမင်း၏ ဆေးလိပ်စာတမ်းတွင် တွေ့ရသည်ဟုဆိုသည်။ ဆေးလိပ်ကို ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ် စသည်ဖြင့်ရှိကြသည်။ ဆေးပြင်းလိပ်နှင့်ဆေးပေါ့လိပ်သည် စာရေးသူတို့နိုင်ငံတွင် ယနေ့ထိရှိကြသည်။ သို့သော် ဆေးပြင်းလိပ်ကိုမူ သောက်သုံးသူနည်းပါးလာပြီး ဆေးပေါ့လိပ်ကိုမူ ယနေ့တိုင် လူအများသောက်သုံးနေကြဆဲဖြစ်သည်။ အချို့သက်ကြီးရွယ်အိုများဆို ပြောင်းဖူးဖက်ဆေးလိပ်နှင့် ရွှေကြီးဆေးလိပ်ကို ယခုထိသောက်နေကြဆဲဖြစ်သည်။ ပြောင်းဖူးဖက်ဆေးလိပ်နှင့် ရွှေကြီးဆေးလိပ်သည် အလိပ်လည်းကြီးသည်။

တစ်ခါတစ်ရံ မင်္ဂလာဆောင်ပွဲဖိတ်ကြားရာတွင် အချို့ဒေသက ရွှေကြီးဆေးလိပ်ကမ်း၍ဖိတ်ကြသကဲ့သို့ စီးကရက်ကမ်း၍လည်း ဖိတ်ကြသည်။ တစ်ခါတစ်ရံ နာရေးရက်လည်ကိုလည်း ဆေးလိပ်ဖြင့်ဖိတ်ကြသည်လည်းရှိသည်။ ထို့ကြောင့် မြန်မာလူမျိုးတို့၏ ဆေးလိပ်သောက်ခြင်းဓလေ့သည် ယခုတိုင် တည်ရှိနေသည်။

ယခုစာရေးသူအနေဖြင့် ဆေးပြင်းလိပ်နှင့် ဆေးပေါ့လိပ်ပြုလုပ်ပုံကို အနည်းငယ်ဖော်ပြလိုသည်။ ဆေးပြင်းလိပ်ပြုလုပ်ပုံမှာ ဆေးရွက်များကိုတစ်ရွက်ပြီး တစ်ရွက်ထပ်၍ ကျစ်လျစ်စွာလိပ်ခြင်းဖြစ်သည်။ ထိုကဲ့သို့ ကျစ်လျစ်အောင်လိပ်ပြီးပါက မိမိအလိုရှိသလောက် အလျားအတိုင်းအစွန်းနှစ်ဖက်ကို ဖြတ်ပေးရသည်။ အမျိုးသမီးတစ်ဦးလျှင် တစ်နာရီကို ဆေးပြင်းလိပ် ၄၀၀ ခန့်လိပ်နိုင်ကြောင်း သိရသည်။ ဆေးပြင်းလိပ်ကို အခြားနိုင်ငံများတွင်လည်း သောက်သုံးကြသည်။ ဆေးပေါ့လိပ်သည် ဆေးပြင်းလိပ်လောက် ဆေးမများပေ။ ဆေးနည်းသဖြင့်ဆေးပေါ့သည်။ ထို့ကြောင့် ဆေးပေါ့လိပ်ဟုခေါ်ခြင်းဖြစ်သည်။ ဆေးပေါ့လိပ်ကို သနပ်ဖက်၊ ကွမ်းသီးဖက်၊ ပြောင်းဖူးဖက် စသည်တို့ဖြင့် ပြုလုပ်ကြသည်။ အများအားဖြင့်တော့ ပြောင်းဖူးဖက်ဖြင့်သာ အလုပ်များကြသည်။ စာရေးသူတို့ဒေသတွင်မူ စက္ကူအတွင်းဆေးမှုန့်ထည့်ကာ လိပ်သောက်သည်များလည်းရှိသည်။ စက္ကူလိပ်ဟုပင် ခေါ်ရပေမည်။ ဆေးလိပ်ပြုလုပ်မည့်ဖက်ရွက်များကို အခြောက်ခံပြီး အခြောက်ခံထားသောဆေးမှုန့်ခေါ် ဆေးစာများကို ဆေးရိုးဖြင့် ရောလိပ်ခြင်းဖြစ်သည်။ ဆေးပေါ့လိပ်ကိုမူ မြန်မာနိုင်ငံတစ်ခုတည်း၌သာ အသုံးများသည်။ ယခုအခါ နိုင်ငံခြားဖြစ်စီးကရက်များ ဝင်ရောက်လာသဖြင့် လူအများစုသည် စီးကရက်ကိုသာ အလွယ်တကူသောက်သုံးလာကြသည်။ တော်လှန်ရေးကောင်စီခေတ်မှာလည်း ခပေါင်းစီးကရက်၊ ဒူးယား စသည်ဖြင့်ရှိခဲ့သည်။ ခပေါင်းစီးကရက်ကိုတော့ စာရေးသူတို့မမီလိုက်ပါ။ ခပေါင်းစီးကရက်ဘူးသည် အနီရောင်ဖြစ်သည်။ ဒူးယားကိုတော့ စာရေးသူတို့ ငယ်စဉ်က သိမှီလိုက်သည်။

**ဆေးလိပ်ထဲက မေတ္တာတရား**

ဆေးလိပ်နှင့်ပတ်သက်၍ ရေးဖွဲ့သောကဗျာများစွာ ရှိသည်။ "ဆေးလိပ်ကယ်တစ်တို၊ နွားပြာညိုတစ်ရှဉ်း"ဟုလည်းကောင်း၊ "ဆေးလိပ်တတဲ့၊ ဘက်တောင်ပြန်၊ နှမလေးမောင် ရွှေဝသွားကို၊ နားလုံးပြည့်ပန်" ဟုလည်းကောင်း၊ "သောက်လျှင်ချို၊ မျိုလျှင်မွေး၊ ရွှေဘန့်ငွေ လိပ်ဆေးခေါင်းမောင်ရဲ့ဩ"ဟုလည်းကောင်း ရေးဖွဲ့ထားပုံများကို ဆရာရွှေကိုင်းသားက မှတ်တမ်းတင်ရေးသားထားသည်။ ဆေးလိပ်နှင့်ပတ်သက်ပြီး ထင်ရှားသည့် ကဗျာလေးတစ်ပုဒ်ရှိသည်။ ထိုကဗျာကို ကုန်းဘောင်ခေတ်စာဆို"မယ်ခွေ" ရေးသားခဲ့သော "လက်ဆောင်"ကဗျာပင်ဖြစ်သည်။ "မဝယ်ဘူး၊ မယ်ခူးတဲ့ဖက်စို။ မီးမကူ နေပူမှာမကင်အားလို့၊ ထားရတယ် အိပ်ရာအောက်မှာ၊ မင်းသောက်ဖို့ကို။ ညာအနား၊ ရှေ့သွားနှင့်ကိုက်လို့တို၊ မချိုတော့လိပ်ဆေး။ ပိုးမကူ၊ ဝါချည်ဖြူ တစ်ပင်ရစ်ကယ်နှင့်၊ ငယ်ချစ်မောင် ရွှေဝသွားကို၊ ပါးလိုက်ကဲ့လေး"ဟု ရေးဖွဲ့ထားသည်။ ထိုကဗျာတွင် မိန်းမပျိုလေးက ချစ်သူမောင်ကြိုက်နှစ်သက်သော ဆေးလိပ်ကို အင်းဝသွားမည့်ချစ်သူမောင်အတွက် ဈေးမှဝယ်မပေးဘဲ ကိုယ်တိုင်ဖက်ကိုခူးသည်။ ဖက်ကိုခြောက်စေရန် နေပူမှာလည်းမလှန်း၊ မီးလည်းမကင်ရက်သဖြင့် မိမိ၏ကိုယ်ငွေ့ဖြင့်ခြောက်စေလိုသောကြောင့် အိပ်ရာအောက်တွင်ထားအိပ်လေသည်။ ဖက်အညာကိုလည်း အခြားသောအရာများဖြင့်မဖြတ်ဘဲ မိမိ၏ရှေ့သွားဖြင့် ကိုက်ဖြတ်သည်။ ထိုကဲ့သို့ပြုလုပ်ပြီးနောက် မိမိကိုယ်တိုင်ဆေးလိပ်လိပ်ကာ လိပ်ထားသောဆေးလိပ်ကို ရစ်ပတ်ရန်အတွက် သူ့အသက်ဖြင့်ပြုလုပ်ထားသော ပိုးချည်ကိုမသုံးဘဲ ဝါချည်ဖြင့် တစ်ပင်တည်းသာရစ်ချည်ကာ လက်ဆောင်အဖြစ်ပေးခြင်းဖြစ်သည်။ အဆိုပါဆေးလိပ်ကဗျာ၌ မိန်းမပျိုတစ်ဦးက သူ့ချစ်သူအပေါ်ထားသည့် ကြီးမားသော မေတ္တာတရားကို အထင်းသားတွေ့မြင်ရသည်။ ထိုဆေးလိပ်ထဲတွင် မေတ္တာတရားများပါဝင်နေသည်။ ထို့ကြောင့် စာရေးသူအနေဖြင့် ဆေးလိပ်ထဲက မေတ္တာတရားဟုဆိုခြင်းဖြစ်သည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် ဆေးလိပ်သည် ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်စေသော်လည်း ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူအများအပြားပင်ရှိနေသည်။ စာရေးသူတို့မြန်မာနိုင်ငံတွင်လည်း ဆေးလိပ်သောက်သူ အများအပြားပင်ရှိသည်။ အမှန်စင်စစ် ဆေးလိပ်သည် သောက်သုံးသင့်သော အရာမဟုတ်ပေ။ အများအားဖြင့် ကင်ဆာရောဂါကိုဖြစ်စေသည်။ ဆေးလိပ်ဘူးကိုကြည့်ပါက ကြောက်စရာကောင်းလှသည်။ စာရေးသူအနေဖြင့် မြန်မာလူမျိုးတို့၏ ဆေးလိပ်သောက်ခြင်းဓလေ့ကို ဗဟုသုတအနေဖြင့် လေ့လာတင်ပြခြင်းသာဖြစ်သည်။ "ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကိုဆိုးရွားစွာ ထိခိုက်စေပါသည်" ဟုသာ ဆိုချင်ပါတော့သည်။


**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၄)**
- **ဒသမတန်း မြန်မာဖတ်စာ**

# တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်



**ပေကျင်း ဇွန် ၁၀**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ပြည်နယ်တချို့တွင် ဇွန် ၉ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ပြီး လမ်းများနှင့် နေအိမ်အဆောက်အအုံများ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း တရုတ်နိုင်ငံမိုးလေဝသဌာန၏ ထုတ်ပြန်ချက်များကို ကိုးကား၍ CNA သတင်းဌာနက ဇွန် ၉ ရက်တွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ Guangxi ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Beihai မြို့တွင် ဇွန် ၉ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ၎င်းမိုးရွာသွန်းမှုသည် ယခုလအတွင်း အဆိုပါဒေသ၏ စံချိန်တင်မိုးရွာသွန်းမှုဖြစ်ခဲ့ကြောင်း တရုတ်နိုင်ငံ မိုးလေဝသဌာနက ကြေညာခဲ့သည်။

မိုးရွာသွန်းမှုကြောင့် Beihai မြို့တွင်းလမ်းများတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များက အထပ်မြင့်အဆောက်အအုံများ၌ နေထိုင်သူများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရသည်ဟု ဒေသတွင်း လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြခဲ့ကြကြောင်း သိရသည်။

တရုတ်နိုင်ငံတောင်ဘက်ကမ်းရိုးတန်းသို့ တိုင်ဖွန်းလယ်ကွေ့မှ လေပြင်းများ ဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်ခဲ့ရာ Beihai မြို့မှ ထွက်ခွာသော ရေလမ်းကြောင်းများကို ဇွန် ၁၀ မှ ဇွန် ၁၂ ရက်ထိ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ကမ်းရိုးတန်း ပြည်နယ်တစ်ခုဖြစ်သော Guangdong ပြည်နယ်အနောက်ဘက် Yulin မြို့ အနီးတစ်ဝိုက်ရှိ ဒေသခံဦးရေ ၁၀၀ ကျော်ကိုလည်း ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း ပြည်နယ်မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

AZH

# အင်ဒိုနီးရှားတွင် Anak Krakatau မီးတောင် ပေါက်ကွဲမှုဖြစ်ပွား

**ဂျကာတာ ဇွန် ၁၀**

အင်ဒိုနီးရှားနိုင်ငံရှိ Anak Krakatau မီးတောင်သည် ဇွန် ၉ ရက်က ပေါက်ကွဲခဲ့ပြီး မီးခိုးပြာမှုန်များ အမြင့်သုံးကီလိုမီတာထိ မှုတ်ထုတ်ခဲ့သဖြင့် မီးတောင်အန္တရာယ်သတိပေးချက်ကို အဆင့်(၄)သို့ မြှင့်တင်ခဲ့ရကြောင်း အာဏာပိုင်များ၏အဆိုကိုကိုးကား၍ La Prensa Latina သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

Anak Krakatau မီးတောင်သည် ဇွန် ၆ ရက်မှစ၍ အသေးစားပေါက်ကွဲမှုများ စတင်ဖြစ်ပွားခဲ့ပြီး ဇွန် ၈ ရက်ကလည်း နှစ်ကြိမ်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကာ ဇွန် ၉ ရက်ပေါက်ကွဲမှုမှာ ပိုမိုပြင်းထန်ခဲ့ကြောင်း သိရသည်။

မီးတောင် ပေါက်ကွဲမှုကြောင့် အဆိုပါဒေသတွင် နေထိုင်သူများကို ငါးကီလိုမီတာ အချင်းဝက်အတွင်း သွားလာခြင်းမပြုကြရန်၊ မီးတောင်နှင့် ပတ်သက်သော နောက်ဆုံးအခြေအနေ ထုတ်ပြန်ချက်များကို သတိပြုလိုက်နာလုပ်ဆောင်ကြရန် ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ထားသည်။

Anak Krakatau မီးတောင်သည် အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားနှင့် ဂျာဗားကျွန်းကို ပိုင်းခြားထားသောရေလက်ကြားတွင် တည်ရှိပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလက နောက်ဆုံးတစ်ကြိမ်ပေါက်ကွဲခဲ့ရာ ဆူနာမီလှိုင်းများဖြစ်ပေါ်ခဲ့မှုကြောင့် ခရစ္စမတ်အားလပ်ရက် အပန်းဖြေခရီးထွက်လာသူဦးရေ ၄၀၀ ကျော်သေဆုံးခဲ့ကာ ဦးရေ ၁၄၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

Anak Krakatau မီးတောင်သည် ယခင်က ရေအောက်မီးတောင်တစ်လုံးဖြစ်ခဲ့ပြီး ၁၉၂၇ ခုနှစ်တွင် Krakatoa မီးတောင် ပြင်းထန်စွာပေါက်ကွဲမှုကြောင့် လူဦးရေ ၃၆၀၀၀ ကျော်သေဆုံးပြီးနောက် ရာစုနှစ်ဝက်ကြာပြီးမှ ရေမျက်နှာပြင်သို့ အသစ်ပေါ်ထွက်လာသော မီးတောင်တစ်လုံး ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် မီးတောင်ပေါက်ကွဲမှုနှင့်ငလျင်လှုပ်ခတ်မှုများ ပြင်းထန်သော ပစိဖိတ်သမုဒ္ဒရာ မီးကွင်းဇရိယာပေါ်တွင် တည်ရှိပြီး နှစ်စဉ်မီးတောင်များနှင့်ငလျင်လှုပ်ခတ်မှုများကြောင့် တုန်ခါမှုအကြိမ် ၇၀၀၀ ကျော် ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

AZH

# အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အပူချိန်မြင့်တက်မှုကြောင့် မြို့လယ်ရှိရေကူးကန်များကို ဖွင့်လှစ်ပေးထား

**လန်ဒန် ဇွန် ၁၀**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုကြောင့် ဒေသခံများ အပူအအေး မျှတစေရန်အတွက် မြို့လယ်ရှိ ရေကူးကန်များကို ဖွင့်လှစ်ပေးထားကြောင်း လန်ဒန်မြို့အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Ham & High သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အပူချိန် မြင့်တက်နေသည့်ဧရိယာများမှာ လန်ဒန်မြောက်ဘက်ပိုင်းဧရိယာများဖြစ်ပြီး အပူချိန်မြင့်တက်ချိန် ရေစိမ်နိုင်ရေးအတွက် လန်ဒန်အာဏာပိုင်အဖွဲ့အစည်းက ရေကူးကန်များ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ရေကူးကန်များဖွင့်လှစ်ရာတွင်လည်း အထူးလျှော့ဈေးဖြင့် ဖွင့်လှစ်ပေးထားခြင်းဖြစ်ပြီး အပူရှောင်၍ရေကူးရန်လည်းတိုက်တွန်းချက်များ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်နေတဲ့အတွက် ရေဓာတ်ခန်းခြောက်တာတွေ၊ အပူချိန်မြင့်တက်မှုနဲ့ဆက်စပ်တဲ့ရောဂါတွေ ဖြစ်မှာစိုးတဲ့အတွက် အပူအအေးမျှတစွာ နေထိုင်နိုင်ဖို့ ရေကူးကန်ခြောက်ကန်ထိ ဖွင့်လှစ်ပေးထားပါတယ်။ ရေကူးဖို့အတွက် ကုန်ကျမဲ့ ငွေကြေးနှုန်းထားကိုလဲ လျှော့ပေးထားပါတယ်။ အပူလှိုင်းဟာ အသေးစားအပူလှိုင်းဖြစ်ပေမဲ့လဲ ကာလရှည်ကြာသွားနိုင်တယ်။ ရေကူးကန်ကိုတော့ သုံးမျိုးသုံးစားခွဲထားတယ်။ အမျိုးသားသီးသန့်၊ အမျိုးသမီးသီးသန့်နဲ့ လူစုံရောရာအဖြစ် စီစဉ်ပေးထားပါတယ်။ အပူချိန်မြင့်တက်ချိန်မှာ လိုက်နာရမဲ့ ညွှန်ကြားချက်တွေကိုလဲ လိုက်နာကြဖို့ ပြည်သူတွေကို တိုက်တွန်းအပ်ပါတယ်"ဟု လန်ဒန်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လန်ဒန်မြို့လယ်ပိုင်းတွင် ရေကူးကန်ခြောက်ကန်ထိစီစဉ်ဖွင့်လှစ်ပေးထားပြီး အသုံးပြုခအနေဖြင့် သုံးနာရီလျှင် ၇ ဒသမ ၈ ပေါင်နှုန်းသာ သတ်မှတ်ပေးထားကြောင်း လန်ဒန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**ခိုင်ဆက်**



# ကနေဒါတောမီးမှ မီးခိုးငွေ့များကြောင့် မြောက်အမေရိကအရှေ့ဘက်ခြမ်းဒေသများတွင် လေကြောင်းခရီးစဉ် ၄၉၀၀ ကျော် ကြန့်ကြာနေ

**ဝါရှင်တန် ဇွန် ၁၀**

ကနေဒါနိုင်ငံတွင် ပြီးခဲ့သည့်မေလကတည်းက တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး ထွက်ပေါ်လာသောမီးခိုးငွေ့များသည် အမေရိကန်နိုင်ငံသို့ ပျံ့နှံ့ရောက်ရှိနေကာ မြောက်အမေရိက အရှေ့ဘက်ကမ်းခြေများသို့လည်း ပျံ့နှံ့ရောက်ရှိနေသဖြင့် မီးခိုးငွေ့များကြောင့် မြောက်အမေရိက အရှေ့ဘက်ကမ်းခြေဒေသများတွင် လေကြောင်းခရီးစဉ်ပေါင်း ၄၉၀၀ ကျော် နှောင့်နှေးကြန့်ကြာနေကြောင်း အမေရိကန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ဇွန် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မီးခိုးငွေ့များ ကောင်းကင်ထက်ပျံ့နှံ့နေခြင်းကြောင့် မြင်ကွင်းမရှင်းသည့်အတွက် လေကြောင်းခရီးစဉ် ၄၉၀၀ ကျော် နှောင့်နှေးကြန့်ကြာနေသကဲ့သို့ အခြေအနေဆိုးသည့်ဒေသများမှ လေကြောင်းခရီးစဉ် ၉၅၀ ကိုလည်း ယာယီဆိုင်းငံ့လိုက်ပြီဖြစ်ကြောင်း၊ မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေပြီး လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသည့်ဧရိယာတွင်နေထိုင်သည့် ဒေသခံ ၇၅ သန်းထိ ရှိနေကြောင်းလည်း အမေရိကန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မီးခိုးငွေ့တွေ ပြည်နယ်တော်တော်များများကို ပျံ့နှံ့ရောက်ရှိနေပါတယ်။ မီးခိုးငွေ့ကြောင့် လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်နေသလို ကောင်းကင်မြင်ကွင်း မရှင်းတဲ့အတွက် လေကြောင်းခရီးစဉ်ပေါင်း ၄၉၀၀ ကျော်ထိ ထွက်ရမဲ့အချိန်အတိုင်းမထွက်နိုင်ဘူး။ တချို့အခြေအနေတအားဆိုးတဲ့ ဒေသတွေမှာတော့ လေကြောင်းခရီးစဉ်ပြေးဆွဲဖို့ အဆင်မပြေတော့တဲ့အတွက် လေကြောင်းခရီးစဉ် ၉၅၀ ကိုလဲ ယာယီဆိုင်းငံ့လိုက်ရပါတယ်"ဟု အမေရိကန်ဖက်ဒရယ်လေကြောင်း အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထွက်ပေါ်နေသည့် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေပြီး ကျန်းမာရေးထိခိုက်စေနိုင်သော ပမာဏဖြစ်သည့်အတွက် ကျန်းမာရေးသတိပေးချက်များလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

**ခိုင်ဆက်**

# ဘိုင်ပါဂျွိုင်ဆိုင်ကလုန်းမုန်တိုင်း အိန္ဒိယကမ်းခြေဒေသများသို့ ဝင်ရောက်တိုက်ခတ်

**နယူးဒေလီ ဇွန် ၁၀**

ဘိုင်ပါဂျွိုင်ဟု အမည်ပေးထားသည့်ဆိုင်ကလုန်းမုန်တိုင်းသည် ဇွန် ၉ ရက်တွင် အိန္ဒိယကမ်းခြေဒေသများသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ဒမ်မက်စ်နှင့် ဆူဗာလီကမ်းခြေတို့ကို ယာယီပိတ်ထားရကြောင်း Indian Express သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဘိုင်ပါဂျွိုင်ဆိုင်ကလုန်းမုန်တိုင်းသည် ဒေသပေါင်း ၄၂ ဒေသထိ ဖြတ်သန်း တိုက်ခတ်လာနိုင်သည့်အတွက် မုန်တိုင်းဒဏ်သင့်နိုင်သော ဒေသများကိုလည်း မုန်တိုင်းအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားသကဲ့သို့ မုန်တိုင်းအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မုန်တိုင်းအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ရဖွယ်ရှိနေသည့်ဒေသများမှာ ဂူဂျာရတ်ပြည်နယ်အတွင်းရှိ ဒေသများဖြစ်ပြီး ဆူရတ်မြို့အပါအဝင် မာဂျူရာဒေသ၊ အိုလ်ပက်ဒေသနှင့် ချာယာစီဒေသတို့ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"မုန်တိုင်းအန္တရာယ်သင့်နိုင်တဲ့ဒေသတွေမှာ ကယ်ဆယ်ရေးဝန်ထမ်းတွေကို ဖြန့်ခွဲစေလွှတ်ထားပြီးဖြစ်ပါတယ်။ ရေလမ်းခရီးတွေ၊ ကမ်းခြေမှာ အနားယူတာတွေကိုလဲ တရားဝင် ပိတ်ပင်ထားပါတယ်။ ကမ်းခြေတွေကိုလဲ ယာယီပိတ်ထားပြီးဖြစ်ပါတယ်"ဟု အိန္ဒိယသဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဘိုင်ပါဂျွိုင်ဆိုင်ကလုန်းမုန်တိုင်းသည် လက်ရှိ ပေါ်ဘန်ဒါဒေသဖြင့် ကီလိုမီတာ ၈၀၀ အကွာသို့ ရောက်ရှိနေပြီဖြစ်ပြီး မုန်တိုင်းအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားသောဒေသပေါင်း ၄၂ ဒေသကို ဖြတ်သန်းတိုက်ခတ်တော့မည့် အခြေအနေဖြစ်ကြောင်း၊ ဂူဂျာရတ်ပြည်နယ်တောင်ဘက်ပိုင်းသို့ လာမည့် ၂၄ နာရီအတွင်း ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းအန္တရာယ်သင့်မည့်ဒေသများသို့ အိန္ဒိယသဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့အစည်းမှ ဝန်ထမ်းများကို ဖြန့်ခွဲစေလွှတ်ထားကြောင်း သိရသည်။

**ခိုင်ဆက်**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## အပျော်အပါးမက်က အခက်ကြုံရ

တစ်ခါတုန်းကပေါ့ကွယ်။ တောအုပ်ကြီးတစ်ခုရဲ့ သစ်ပင်တစ်ပင်မှာ ကျိုးဖြူနဲ့ကျိုးမည်းဆိုတဲ့ ကျီးနှစ်ကောင်ဟာ အတူတကွနေထိုင်ကြလေသတဲ့။ သူတို့နေထိုင်တဲ့ သစ်ပင်နဲ့မလှမ်းမကမ်းက သစ်ပင်ကြီးတစ်ပင်မှာ ဇီးကွက်တစ်ကောင်လဲ နေထိုင်တာပေါ့ကွယ်။ ကျိုးဖြူနဲ့ ကျိုးမည်းဟာ တောအုပ်ထဲကို လှည့်လည်ပျံသန်းပြီး အစာရှာတတ်ကြသလို တစ်ခါတလေမှာ တောအုပ်အနီးက ရွာကလေးတွေဆီကိုလဲ ပျံသန်းပြီး သွားရောက်အစာရှာတတ်ကြတယ်။

ဒါပေမဲ့ ကျိုးဖြူနဲ့ ကျိုးမည်းဟာ အစာတွေကို စုဆောင်းလေ့မရှိဘဲ ရှာဖွေရသမျှ ကုန်အောင်စားသောက်ပြီး နေ့စဉ်နဲ့အမျှပျော်ပါးဆော့ကစားနေကြလေသတဲ့။ ဒါကိုမြင်တဲ့ဇီးကွက်ကြီးဟာ သူတို့ကို အခုလိုသတိပေးစကားဆိုလေသတဲ့ကွယ်။


"ကျိုးဖြူနဲ့ ကျိုးမည်းတို့ရေ မကြာခင် မိုးရာသီရောက်လာတော့မယ်။ အဲဒီအခါကျရင် အစာတွေကို ရှာရခက်လာလိမ့်မယ်။ မိုးရာသီမှာ အစာအခက်အခဲမဖြစ်ရအောင် အခုကတည်းကကြိုးစားရှာဖွေပြီး စုဆောင်းထားသင့်တယ်နော်"

ဇီးကွက်ကြီးက ရင်းရင်းနှီးနှီးသတိပေးစကားပြောပေမဲ့ နားမဝင်တဲ့ ကျိုးဖြူဟာ အခုလိုပြန်ပြောသတဲ့။

"အို. . . အသင်ဇီးကွက် ကျွန်ုပ်တို့တွေဟာ အပိုအလုပ်တွေမလုပ်ပါဘူး။ အခုလို ပုံမှန်စားသောက်၊ ပုံမှန်ဆော့ကစား ဘယ်လောက်ပျော်စရာကောင်းလိုက်လဲဗျာ။ မိုးရွာလဲ မိုးရေထဲမှာ ပျော်ပျော်ပါးပါး အစာရှာထွက်လို့ရတာပဲဗျာ။ ဟုတ်တယ်မလား ကျိုးမည်းရေ"

"ဟုတ်တာပေါ့ ကျိုးဖြူလေးရာ"

ကျိုးဖြူနဲ့ ကျိုးမည်းဟာ အပျော်အပါးမက်ပြီး ဇီးကွက်ရဲ့စကားကို လက်မခံတဲ့အတွက် ဇီးကွက်ကလဲ လက်လျှော့ကာ ဘာမှမပြောတော့ဘူးတဲ့ကွယ်။ ဒီလိုနဲ့ မိုးရာသီကို ရောက်လာတာပေါ့ကွယ်။ ကျိုးဖြူနဲ့ ကျိုးမည်းနေတဲ့ တောအုပ်ကြီးထဲကို မိုးတွေရွာသွန်းလာသတဲ့။ မိုးတွေတအားရွာတော့ ကျိုးဖြူနဲ့ကျိုးမည်းဟာ အစာရှာဖို့အခက်တွေ့




ကြလေသတဲ့။ သူတို့အတောင်တွေက မိုးရေစိုစွတ်နေတာကြောင့် အစာရှာဖို့မပြောနဲ့ ပျံသန်းဖို့ကိုမနည်းကြိုးစားကြရသတဲ့။ အစာမရှာနိုင်တော့ စားစရာလဲ မရှိဘူးတဲ့ကွယ်။ ဇီးကွက်ကတော့ အစာတွေရှာဖွေစုဆောင်းထားတော့ အေးအေးဆေးဆေးပဲပေါ့ကွယ်။

"ကျိုးမည်းရေ ငါတို့တော့ ဒီအတိုင်းနေလို့မဖြစ်ဘူး။ ဗိုက်တွေလဲဆာနေပြီ မိုးရွာလဲအစာရှာထွက်ကြမယ်ကွာ"

"အေး ကောင်းတယ် မိုးရေချိုးရင်းပျော်ပျော်ပါးပါးပေါ့"

ဒီလိုနဲ့ သူတို့နှစ်ကောင်ဟာ မိုးရေထဲ ကြိုးစားပမ်းစားအစာရှာထွက်ကြလေသတဲ့။ ကျိုးဖြူနဲ့ ကျိုးမည်းဟာ တစ်နေကုန်မိုးမိပြီး ပင်ပန်းပေမဲ့ ဘာအစာမှမရကြဘူးသတဲ့ကွယ်။ ကျိုးဖြူဟာလဲ မိုးမိထားတဲ့ဒဏ်ကြောင့် အအေးမိပြီး နေမကောင်းဖြစ်ကာ ဖျားနာသွားတာပေါ့။ နောက်ဆုံးတော့ သူတို့နှစ်ကောင်ဟာ ဇီးကွက်ဆီကို အကူအညီတောင်းဖို့သွားကြတာပေါ့ကွယ်။

ကျိုးမည်းက ဒီလိုပြောသတဲ့။ "အဆွေဇီးကွက်ရေ ကျွန်ုပ်တို့နောင်တရပါပြီဗျာ။ ကျွန်ုပ်တို့ကို အစာလေးနည်းနည်းလောက်ရှိရင်မျှပါ။ နောက်ပြီး ကျိုးဖြူလေးဟာလဲ တစ်ကိုယ်လုံးအအေးပတ်ပြီး ဖျားနေလို့ ကူညီပါအုံးဗျာ"

ကျိုးမည်းစကားကြားတော့ ဇီးကွက်ဟာ သစ်ခေါင်းထဲမှာ မီးအမြန်ဖိုလိုက်ပြီး ကျိုးဖြူလေးကို မီးဖိုအနီးမှာ ထားထားတာပေါ့ကွယ်။ ကျိုးဖြူလေးဟာ အဖျားတက်ပြီး သတိရတစ်ချက်၊ မရတစ်ချက်ဖြစ်ရင်း မီးပုံထဲပြုတ်ကျသွားလေသတဲ့။ ဒါကို ကျိုးမည်းကော ဇီးကွက်ကော သတိမထားမိကြဘူးတဲ့။

ကျိုးဖြူလေးဟာ ပူလောင်လွန်းလို့ သတိလဲရလာကော ကျိုးဖြူလေးရဲ့တစ်ကိုယ်လုံးဟာ မီးလောင်ကျွမ်းပြီး ကျိုးမည်းနဲ့တစ်ပုံစံတည်းဖြစ်သွားရောသတဲ့ကွယ်။ ကျိုးဖြူလေးလဲ ဇီးကွက်ကို တအားစိတ်ဆိုးသွားတာပေါ့။ ကျိုးဖြူနဲ့ ကျိုးမည်းဟာလဲ ခွဲမရအောင် တစ်ပုံစံတည်းဖြစ်သွားတာပေါ့။ ကျိုးဖြူနဲ့ကျိုးမည်းကိုမြင်ပြီး ဇီးကွက်ဟာ အားနာသွားတာကြောင့် တောင်းပန်စကားတောင်မဆိုဘဲ အခြားတစ်နေရာကို လျင်မြန်စွာပျံသန်းထွက်ခွာသွားလေရောသတဲ့ကွယ်။

အဲဒီအချိန်ကစပြီး ကျိုးဖြူ ကျိုးမည်းတစ်ကောင်တည်းဆိုတဲ့အတိုင်း ကျိုးဖြူဆိုတာမရှိတော့ဘဲ ကျိုးမည်းတွေကိုပဲ ကလေးတို့မြင်တွေ့နေရတာပေါ့ကွယ်။ ဇီးကွက်ဟာလဲ ကျိုးဖြူကျိုးမည်းကို သူ့ကြောင့်ဒီလိုဖြစ်ရတယ်ဆိုပြီး ရင်မဆိုင်လိုတဲ့အတွက် နေ့ဘက်မှာ အမြဲပုန်းခိုပြီး ညဘက်မှ အပြင်ထွက်တော့တာ ဒီနေ့ထိပဲပေါ့ကွယ်။

ဒီပုံပြင်လေးထဲကအတိုင်း ကျိုးဖြူနဲ့ကျိုးမည်းလို ကြိုတင်ရှာဖွေစုဆောင်းခြင်းမရှိဘဲ အပျော်အပါးမက်နေရင် အခက်အခဲကြုံရတတ်တယ်ဆိုတာ ကလေးတို့မှတ်ထားရမယ်နော်။ ကဲ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

**ပိုင်ဆု(ပညာရေး)**

## ကျောင်းတက်ချိန်

◆ မိုးစက်ကလေး သွန်းဖြိုးရွာ
စံပယ် ဖူးငုံအာ၊
မြရွက်လွှာမှာ ဘော်ရောင်လွှမ်း
ပျိုနုသစ်လွင်ဆန်း။

◆ အပြုံးပန်းဖြင့် လာလေပြီ
တို့ရဲ့ကျောင်းတော်ဆီ၊
ဇွဲမာန်ဝင့်ချီ ရင်သွေးများ
ပွဲလယ်တင့်လူသား။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**




## မြန်မာ့ဒိုးပတ်ဝိုင်း

◆ နှဲဆရာက ဦးဖိုးကြင်
ဝါးလက်ခုပ်မောင်ခင်၊
လင်းကွင်းမှာတော့ ဦးငွေစိုး
ပိုင်ဆုပုံသံထိုး။

◆ ရွှေရိုးဒေါ်မိုး မနေသာ
စည်းဝါးကညီညာ၊
မြန်မာ့ရိုးရာ ဒိုးပတ်ဝိုင်း
စည်းလုံးညီညာ ပါဝင်သိုင်း
တို့များပွဲတော်တိုင်း။ ။

**ချာန်လေး(ပညာရေး)**



# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မေလအတွင်း နိုင်ငံ ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၆ သန်း ရရှိခဲ့



ရန်ကုန် ဇွန် ၁၀

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မေလအတွင်း နိုင်ငံ ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၆ သန်း ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် (ရန်ကုန်တိုင်းဒေသကြီး) မှ ဧဟိုအလုပ်အမှုဆောင် ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ထိုသို့တင်ပို့ရာတွင် ယခင်နှစ်ကာလတူထက် အနည်းငယ်လျော့ကျခဲ့သော်လည်း ပင်လယ်ရေကြောင်းတင်ပို့မှုသည် နယ်စပ်တင်ပို့မှုထက် ရာခိုင်နှုန်းအားဖြင့် ၃၅ ရာခိုင်နှုန်းခန့် တိုးတက်လာသကဲ့သို့ ရေထွက်ကုန်များတွင် ငါးသလောက်၊ ငါးမြစ်ချင်း၊ ကကတစ်၊ ငါးတန်၊ ငါးခုံးမ စသည့် ငါးအမျိုးအစား ၂၀ ကို ပိုမိုတင်ပို့နိုင်ခဲ့ပြီး ပုစွန်တင်ပို့နိုင်မှုကလည်း ယခင်ကာလများထက် များစွာမြင့်တက်ခဲ့ကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ် မေလအတွင်းမှာ ရေထွက်ကုန်တင်ပို့မှုကနေ ပို့ကုန်ဝင်ငွေရရှိထားမှုကတော့ အမေရိကန်ဒေါ်လာ ၄၆ သန်းဖြစ်ပါတယ်။ ပြည်ပကို ရေထွက်ကုန်တွေတင်ပို့မှုကတော့ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ ပင်လယ်ရေကြောင်းကနေသာမက နယ်စပ်ကုန်သွယ်ရေးစခန်းတွေကနေလဲ တင်ပို့နေတာဖြစ်ပါတယ်။ အခုဘဏ္ဍာနှစ်အတွင်းမှာ ပုစွန်တင်ပို့နိုင်မှုက မြင့်တက်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးက မွေးမြူရေးပုစွန်တွေကိုလဲ ဒီနှစ်မှာ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် (ရန်ကုန်တိုင်းဒေသကြီး)မှ ဧဟိုအလုပ်အမှုဆောင် ဦးဝင်းသိန်းက ပြောပြသည်။

ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ မလေးရှားနိုင်ငံ၊ တရုတ်(တိုင်ပေ) နှင့် ဩစတြေးလျနိုင်ငံတို့သို့ ပုံမှန်တင်ပို့လျက်ရှိပြီး ရေထွက်ကုန်တင်ပို့မှု တိုးတက်ရေးအတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေထွက်ကုန်တင်ပို့ရာတွင် ပုံမှန်တင်ပို့မှုများ စဉ်ဆက်မပြတ်ရှိစေရေးနှင့် ဈေးကွက်အနေအထားပေါ်မူတည်ကာ ပို့ကုန်မလျော့ကျစေရေးအတွက် ဝယ်ယူနေသည့် နိုင်ငံတစ်နိုင်ငံချင်းစီ၏လိုအပ်ချက်များပြည့်မီရေးကို ဌာနနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရေထွက်ကုန်များတွင် ကိုဗစ်ပိုးမပါရှိစေရေး စစ်ဆေးမှုတင်းကျပ်သည့် တရုတ်နိုင်ငံကဲ့သို့ နိုင်ငံများသို့ တင်ပို့ရာ၌ ဈေးကွက်လိုအပ်ချက်အတိုင်း ဆောင်ရွက်ကာ ပို့ကုန်မလျော့ကျစေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ASH

# ဇလွန်မြို့နယ်အတွင်း ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

ဇလွန် ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခြံကြီးရွာသစ်ကျေးရွာနှင့် ဝါးပတောကျေးရွာတို့၌ ဆောင်ရွက်နေသော ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မူမူသင်း၊ အင်ဂျင်နီယာဝန်ထမ်းများနှင့် တာဝန်ရှိသူများသည် ခြံကြီးရွာသစ်ကျေးရွာတွင် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ အလျား ၁၀ ပေ၊ အနံရှစ်ပေ၊ အမြင့်ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ အလျား ၁၂ ပေ၊ အနံ ခြောက်ပေ၊ အမြင့်ငါးပေရှိ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများသည် ဝါးပတောကျေးရွာတွင် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့်ပေ ၂၀ ရှိ အမြင့်တင်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ မြို့နယ်ဦးစီးမှူးက ကျေးရွာများရှိ ရပ်မိရပ်ဖများ၊ ရေပေးရေးကော်မတီဝင်များ၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ခြံကြီးရွာသစ်ကျေးရွာနှင့် ဝါးပတောကျေးရွာတို့တွင် အဆိုပါ ရေရရှိရေးလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် တင်ဒါအောင်မြင်သည့် Dwelling place ကုမ္ပဏီတို့က ယခုနှစ် မေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၁၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မောင်နိုင်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၆-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၀ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၅ | ၂၀၇၅ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၅၅ | ၂၇၀၀ |
| 95 Ron | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၀ | ၂၁၈၀ | ၂၂၀၅ | ၂၁၉၀ | ၂၁၆၅ | ၂၂၆၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၉၀ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၅၀ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၄၀ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၅ | ၂၀၉၅ | ၂၀၉၀ | ၁၉၈၀ | ၁၉၉၀ | ၂၀၂၅ | ၂၀၂၅ | ၂၀၃၀ | ၂၂၆၀ | ၂၈၀၅ |
| HSD (50 ppm) | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၇၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၀၆၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၄၀ | ၂၈၆၅ |
| HSD (10 ppm) | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၇၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၀၆၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၄၀ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၂၉ | ၂၀၀၂ |
| 95 Ron | ၂၀၂၄ | ၂၀၉၈ |
| HSD (500 ppm) | ၁၈၄၂ | ၁၉၀၈ |
| HSD (50 ppm) | ၁၉၁၆ | ၁၉၈၃ |
| HSD (10 ppm) | ၁၉၁၆ | ၁၉၈၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုင်ငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

We Protect The Family

မိသားစုဘဝ လုံခြုံစိတ်ချဖို့ ကျန်းမာရေးအာမခံ ထားကြစို့!





နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇



## Jaguco Myanmar Int Co.,Ltd
## လူသုံးကုန်ဆေးနှင့် ဆေးပါးဖြန့်ချိရေးလုပ်ငန်း

### ဝန်ထမ်းအလိုရှိသည်။

1. တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
2. အသက် (၂၅)နှစ်အောက်ဖြစ်ရမည်။
3. Sale & Marketing ကို စိတ်ပါဝင်စားသူဖြစ်ရမည်။
4. ဆိုင်ကယ်လိုင်စင်ရှိပြီး ဈေးကွက်သို့ သွား/လာနိုင်သူဖြစ်ရမည်။
5. နယ်သို့ ခရီးသွားလာနိုင်သူဖြစ်ရမည်။
6. ဆက်ဆံရေးပြေပြစ်ကောင်းမွန်ပြီး အများနှင့်ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

CV Form ကို Viber မှ (30-06-2023)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်မေးမြန်းရန် Viber Phone No. 09-404060645 / 09-5108341**

*** အထက်ဖော်ပြပါဖုန်းနံပါတ်သို့သာ Viber မှတစ်ဆင့် CV Form များကို ပေးပို့လျှောက်ထားရန် ***



### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ဦးပိုင်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၂/ပဒေသာ)၊ မြေဧရိယာ(၀. ၀၄၆)ဧက အကျယ်ရှိ အိမ်နှင့်မြေ အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက်သူ ဒေါ်ညွန့်ညွန့်၏အိမ်ခြံမြေကို စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးပြုံးချို (ဘ) ဦးချစ်ရွှေ (၅/ပလန(နိုင်) ၀၁၆၆၈၂)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမင်းဆွေ (ဘ) ဦးထွန်းငွေ (၅/ခဥန (နိုင်)၀၅၂၄၈၈) က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
ဦးမင်းဆွေ
၅/ခဥန(နိုင်)၀၅၂၄၈၈

**လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်ဆုမေခင် (LL.B,DBL,DIL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၃၄)
အမှတ်(၅၃)၊၄-ရပ်ကွက်၊ ရပ်ကွက်ကြီး(၃)
ပြင်ဦးလွင်မြို့။ ၀၉-၄၀၂၅၉၉၃၈



### ပျောက်ဆုံးကြောင်း

ပုလဲမြို့နယ်နေ မောင်သန်းထက်အောင် (ဘ) ဦးမြင့်လှိုင် (၅/ပလန(နိုင်)၁၃၅၅၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-029023)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၀၁၁၄၉၈၁

### ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်နေ မောင်ကျော်ဇေယျ (ဘ)ဦးသန်းဝေ(၅/ဒပယ(နိုင်)၁၂၇၇၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-379344)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၄၁၅၅၈၉၁၃

### ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ ရဲဇော် (ဘ) ဦးသန်းရွှေ (၅/ယမပ(နိုင်)၁၀၃၆၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-903775)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၆၀၇၉၈၅၅

သင့်သွေးဖြင့် အသက်ကယ်ပါ

ကြိုတင်ကာကွယ် မီးအန္တရာယ်


## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၁၀-၆-၂၀၂၃

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ရည်မထ | ငစိန် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပဲ့ခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၂၀၀ | ၃၂၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၃၅၀၀ | ၃၀၀၀ | ၃၂၀၀-၃၅၀၀ | ၁၄၀၀ | ၉၅၀၀ | ၁၆၀၀၀-၁၇၉၀၀ | ၅၉၀၀ | ၁၈၀၀၀-၁၉၀၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၅၆၀၀ | ၃၅၀၀ | ၃၂၀၀ | ၉၀၀၀-၁၃၀၀၀ | ၁၂၀၀၀-၁၅၀၀၀ | ၂၀၀၀-၃၀၀၀ | ၇၅၀၀-၉၀၀၀ | ၁၅၀၀-၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀-၁၆၀၀၀ | ၈၀၀၀-၁၀၀၀၀ | ၂၀၀၀၀-၂၃၀၀၀ | ၂၆၀-၃၀၀ | ၃၀၀-၃၅၀ |
| ၃ | မန္တလေး | ၄၈၀၀ | ၂၈၀၀ | - | ၁၃၀၀၀ | ၁၈၀၀၀-၁၉၀၀၀ | ၂၅၀၀ | ၇၀၀၀-၇၃၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၀၀၀၀-၁၁၀၀၀ | ၂၅၀ | ၃၂၀ |
| ၄ | တောင်ကြီး | ၄၄၅၀ | ၂၃၅၀ | ၂၂၀၀ | ၁၂၀၀၀-၁၃၅၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၃၀၀၀ | ၅၀၀၀-၆၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | အမ်း | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၀၀၀၀-၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၂၉၀၀ | ၅၀၀၀-၆၅၀၀ | ၂၆၀၀ | ၁၃၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၈၅၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၀၀ | ၄၀၀ |
| ၆ | တောင်ငူ | ၄၆၀၀ | ၃၀၀၀ | ၂၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၂၃၆၀၀ | ၂၅၀၀ | ၅၄၀၀ | ၂၂၀၀ | ၉၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၂၅၀ | ၃၀၀ |
| ၇ | ဒီလမ် | ၅၈၀၀ | - | - | ၁၄၀၀၀-၁၅၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၃၅၀၀ | ၉၀၀၀-၁၀၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၁၃၅၀၀ | ၂၇၀၀၀-၂၉၀၀၀ | ၂၅၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

❖ မိမိတို့နိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန် အဓိကတာဝန်ရှိ...

❖ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်အတွက် အသက်ခန္ဓာသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို ယိမ်းယိုင်ပျက်စီးအောင်ပြုလုပ်လာသည့်အပြုအမူမှန်သမျှကို ဥပဒေနှင့်အညီ ကာကွယ်တားဆီးခြင်းသည် သမိုင်းပေးတာဝန်ထမ်းဆောင်ခြင်းသာဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၆၄)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့တက်ရောက်ပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်) ၂.၁၂.၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးဓလေ့လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲမှ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရမြန်မာမသန်စွမ်းအားကစားအဖွဲ့ကို ကြိုဆို



**နေပြည်တော် ဇွန် ၁၀**

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအသင်းသည် ယနေ့ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲမှ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရမြန်မာမသန်စွမ်းအားကစားသမားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ စာမျက်နှာ - ၁၉

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ စာမျက်နှာ - ၂၀

ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း ပြည်တွင်းအခွန်များဦးစီးမှူးရုံး သုံးလွှာရှိ အခွန်ဌာနတွင် အကြမ်းဖက်ဖောက်ခွဲမှုကျူးလွန်ခဲ့သည့် Brave Eagle အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များကို ဖမ်းဆီးရမိ စာမျက်နှာ - ၂၂

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ကော်ဖီကို လက်ရှိတင်ပို့နေသည့်နိုင်ငံများအပြင် ဈေးကွက်သစ်များ တိုးချဲ့တင်ပို့မည် စာမျက်နှာ - ၂၅

